မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၈ ခုနှစ်၊ မတ် ၄ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၅၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်သစ် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်အဆင့်ဆင့် အကောင်အထည်ပေါ်လာရေး တိုင်းရင်းသားပြည်သူများ ပညာရည်မြင့်မားမှုစွမ်းအား အဓိကလိုအပ်ချက်တစ်ရပ်ဖြစ် အရည်အသွေးမြင့် လူ့စွမ်းအားများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်

အထူးပြုဘာသာရပ် ၁၃မျိုး သင်ကြားပို့ချလျက်ရှိသည့် မြိတ်တက္ကသိုလ်ပင်မလေးထပ်ဆောင်ဖွင့်

နေပြည်တော် မတ် ၃

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တနင်္သာရီတိုင်း မြိတ်မြို့ရှိ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) မြိတ်တက္ကသိုလ်၏ ပင်မလေးထပ်ဆောင်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီက မြိတ်တက္ကသိုလ် ပင်မလေးထပ်ဆောင်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ မြိတ်တက္ကသိုလ်၏ ပင်မလေးထပ်ဆောင်ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဗိုလ်ချုပ်သာအေး၊ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တပ်မတော်အရာရှိကြီးများ၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြိတ်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြိတ်တက္ကသိုလ် Computer Training Centre နှင့် Language Lab တို့ကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

တစ်ဖက်သတ်အစွဲများနှင့် အမြဲမှားခဲ့သည့် တိုင်းပြည့်အန္တရာယ်(သို့မဟုတ်)ဗကပ

ဗကပတွေဟာ ရှေးရှေးတုန်းကလည်း ဒီလိုပါပဲ။ ပုတ်လောက်ရှိတဲ့ စကားလုံးတွေ ဖောဖောသီသီ သုံးပြီး ကျောက်ဆင်းတု ခေါင်းညိတ်အောင် ပြောတတ်ပေမယ့် ကိုယ်ပိုင်ဉာဏ်နဲ့ မှန်မှန်ကန်ကန် တွေးခေါ်တတ်တာမရှိဘဲ သူတစ်ပါးဘေးက ညွှန်ကြားသမျှကို ဘာမှ မစူးမစမ်း မဆင်ခြင်ဘဲ လိုက်လုပ်တဲ့နေရာမှာ တေဒင်္ဂရခဲ့သလို ဟုတ်၏၊ မှန်၏၊ ယုတ္တိ ရှိ/ မရှိ မစဉ်းစားဘဲ တစ်ဖက်သတ်အစွဲနဲ့ ထင်ရာပြော၊ ထင်ရာလုပ်တဲ့ နေရာမှာလည်း ရှေ့တံဆိပ်ရလောက်တဲ့သူတွေပါ။

ရန်ကြီးအောင်၏ ဆောင်းပါး (စာ-၃) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၄ ရက်)

တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး အခြေခံအဆောက်အအုံများ တည်ဆောက်ပေးလျက်ရှိ

တနင်္သာရီတိုင်းသည် ရေ၊ မြေ၊ သစ်တောသယံဇာတနှင့် သတ္တုတို့ပေါများသည့် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်သည်။ ရေထွက်ပစ္စည်းလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းတို့ကိုလည်း စီးပွားဖြစ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

တစ်ချိန်က နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုမရှိသည့်အပြင် လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းတို့ကြောင့် သဘာဝသယံဇာတများကို ထိရောက်စွာ အသုံးမချနိုင်ခဲ့ချေ။ နိုင်ငံတော်က ဒေသတွင်းတည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှုကို နယ်စပ်ဒေသအထိ ကျယ်ပြန့်ထိရောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို တိုင်းရင်းသားပြည်သူများ ရရှိခံစားနေကြရပြီ ဖြစ်သည်။

ထားဝယ်-မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုကားလမ်းမကြီးနှင့်အတူ တံတားကြီး၊ တံတားငယ်အသွယ်သွယ်ကို ဖောက်လုပ်တည်ဆောက်ပေးခဲ့ရာ ပြည်သူများ ကူးသန်းဆက်သွယ်သွားလာမှု မြန်ဆန်ချောမွေ့လာနေပြီ ဖြစ်သည်။

ထို့ပြင် နိုင်ငံ၏မြောက်ဘက်စွန်း ပူတာအိုမှ တောင်ဘက်စွန်း ကော့သောင်းအထိ တောက်လျှောက် ခရီးပေါက်နေပြီ ဖြစ်သည်။

ဒေသတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်း၊ တည်ငြိမ်အေးချမ်းမှုရှိခြင်း၊ ရေမြေသဘာဝ သယံဇာတပေါများကြွယ်ဝခြင်းတို့ကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာလျက်ရှိသည်။ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေး ရှေးရှုပြီး ပညာရေး၊ ကျန်းမာရေး ကဏ္ဍများတွင် အခြေခံကောင်းများ ရင်းနှီးတည်ဆောက်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်သည် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ဖြစ်ထွန်းပေါ်ပေါက်ရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းတည်ဆောက်နေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်မြေဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများက သဘာဝအခြေခံကောင်းများကို ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာမည် ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လှူဒါန်း

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် ၃ရပ်ကွက် ကျောက်တော်ကြီးဘုရားလမ်း ရှမ်းခြံအမှတ် ၁၂နေ မိခင်ကြီး ဒေါ်သန်းခင်အား အမှူးထား၍ ဦးတင်ငွေ-ဒေါ်ခင်ခင်နွဲ့၊ သမီး မလဲ့ရည်မွန် မိသားစုက အလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးမြင့်၊ ဦးဟံညွန့်နှင့် ဦးသိန်းထွန်းတို့က လက်ခံယူကြစဉ်။ (က-ပ)

အမှတ် (၁၀၈ ဘီ) သံလွင်လမ်း ရွှေတောင်ကြား ၁ရပ်ကွက် ဗဟန်းမြို့နယ်နေ ဦးကြည်ဝင်း-ဒေါ်သက်မာကြည်၊ သမီး-စုမွန်ကြည်ဝင်း၊ရတနာကြည်ဝင်း မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင်နှင့် မျက်စိတွင်းထည့် မှန်ဘီလူးတို့အတွက် အလှူငွေ ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။ (က-ပ)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အလှူရှင်များ ရေစက်ချအလှူမင်္ဂလာပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃

ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပြည်တွင်းပြည်ပမှ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းခဲ့ကြသော ကျပ်တစ်သောင်းနှင့်အထက် ပဒေသာပင် အလှူရှင်များ၏ (၄၉)ကြိမ်မြောက် ရေစက်ချအလှူမင်္ဂလာပွဲနှင့် အလှူရှင်များအား ဆေးရုံအုပ်ချုပ်ရေးအဖွဲ့က ဂုဏ်ပြုဧည့်ခံပွဲ အခမ်းအနားကို မတ် ၈ရက် (စနေနေ့)မွန်းလွဲ ၁နာရီတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ၂၀၀၇ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း လှူဒါန်းခဲ့ကြသော အလှူရှင်များထံသို့ ဖိတ်စာများကို စာတိုက်မှတစ်ဆင့် ကြိုတင်ပေးပို့ထားပြီးဖြစ်သည်။

မေတ္တာရပ်ခံ

အထက်ပါကာလအတွင်း လှူဒါန်းခဲ့ကြသော အလှူရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန်နှင့် အခမ်းအနားသို့ တက်ရောက်မည်၊မတက်ရောက်မည်ကို အဆိုပါ ဆေးရုံကြီး ဖုန်း- ၅၄၁၇၉၅နှင့် ၅၄၅၇၈၂တို့သို့ မတ် ၇ရက် နောက်ဆုံးထား၍ အကြောင်းပြန်ကြားပေးရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။ (က-ပ)

ကျောက်တန်းမြို့နယ်အသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၃

ကျောက်တန်းမြို့နယ် အသင်း၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်းရှိ အသင်းဓမ္မာရုံ၌ မတ် ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြားနိုးဆော်

အသက် (၇၅)နှစ် ပြည့်ပြီးသူ အသင်းဝင်များ၊ ၂၀၀၇ခုနှစ် အခြေခံပညာ အထက်တန်း စာမေးပွဲတွင် ဂုဏ်ထူးရ အသင်းဝင် သားသမီးများ၊ ကျောက်တန်းမြို့နယ် ကျောင်းပေါင်းစုံမှ အခြေခံပညာအထက်တန်း စာမေးပွဲတွင် သုံးဘာသာအထက် ဂုဏ်ထူးရ ကျောင်းသားများသည် မတ်၁၅ရက် နောက်ဆုံးထား၍ဦးသင်းမောင်-ဖုန်း-၆၅၂၀၆၅၊ ဦးစိုးဝင်း-ဖုန်း-၀၅၆-၂၅၁၂၅၊ ဦးစိုးမြင့်-ဖုန်း-၂၉၈၃၄၉၊ ဆရာမကြီး ဒေါ်မြင့်မြင့်စီ ဖုန်း-၅၄၅၆၉၉တို့ထံ အထောက်အထားအပြည့်အစုံဖြင့် စာရင်းပေးပို့ဆက်သွယ်ရန်နှင့် အလှူငွေလှူဒါန်းလိုသူများ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းနှင့် မြို့နယ်သားများအား တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားနိုးဆော်ထားသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၄-၃-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ် ချိုနားဝင်
၅း၃၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ဝတ်စားဆင်ယင်လှစေချင်
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၁)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသ သတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဗွီစီဒီကျော်ကြားတေးများ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စည်းခြားထားသောအချစ်** (အပိုင်း-၁၁)

၁၀ ရက် ဝိပဿနာ စခန်းပွဲ ကျင်းပမည်

ရန်ကုန် မတ် ၃

ဟင်္သာတမြို့နယ် ပေါက်တစ်ပင်ကြို့ကုန်းကျေးရွာ သာသနာ့ ဝေပုလ္လကျောင်းတိုက်ကြီးတွင် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် တောတိုက် ဓမ္မရိပ်သာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဓမ္မသာရ ဦးစီး၍ ရွှေပြည်သာမြို့ သီရိမင်္ဂလာ ဓမ္မအေးရိပ်သာ ကမ္မဋ္ဌာန်းကျောင်း ဆရာတော် ဦးသောဘနတို့က ၁၃၆၉ခုနှစ် တပေါင်းလဆန်း ၂ရက် မှ ၁၁ရက် (မတ်၈ရက်မှ၁၇ရက်)အထိ ၁၀ရက် စခန်းပွဲ ကျင်းပမည်ဖြစ်ရာ စခန်းဝင်လိုသူ ယောဂီများအနေဖြင့် မိမိတို့ အိပ်ရာလိပ်နှင့် အသုံးအဆောင်များ ယူဆောင်၍ မတ်၇ရက် ညအရောက် ကြွရောက်ကြရန် နှိုးဆော်ထားသည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်၈၂ နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီးတွင် စုပေါင်းဆောင်ရွက် ဆောက်လုပ်နေပြီဖြစ်သော လေးထပ်ဘောဇနဆောင်ကြီးအတွက် ဗိုလ်ကြီး ဉာဏ်လင်း-မမြတ်စန္ဒီအောင် တောင်ဥက္ကလာပက ကျပ်တစ်သိန်း၊ ဒေါ်စိန်မြမိသားစု မင်္ဂလာတောင်ညွန့်က ကျပ်တစ်သိန်း၊ ဦးဇော်ဝင်း-ဒေါ်ခင်စန်းရင်မိသားစု ကြည့်မြင်တိုင်က ကျပ်သုံးသိန်း၊ ဦးစစ်ငွေ-ဒေါ်အင်ကြည်မိသားစု သင်္ဃန်းကျွန်းက ကျပ်သုံးသိန်း၊ ဦးအောင်ကြွယ်-ဒေါ်ခင်လှိုင် (ကျောက်မျက်ရတနာ)မိသားစု ၅၅(A) ဦးဖိုးစိန်လမ်း ဗဟန်းက ကျပ်တစ်သိန်းတစ်သောင်း၊ ဒုတိယဗိုလ်မှူးကြီး တင်အောင်-ဒေါ်နုနုရီမိသားစု လမ်းမတော်က ကျပ်တစ်သိန်းတစ်သောင်း၊ ဒေါ်အုန်းကြည်မိသားစု ကျောက်မြောင်းက ကျပ်နှစ်သိန်း၊ ဦးစိန်ကြည်-ဒေါ်ရီရီဝင်း၊ သမီး မတင်ဌေးဆု ပန်းဘဲတန်းက ကျပ်တစ်သိန်း၊ ဦးသိန်းဇော်-ဒေါ်စမ်းစမ်းသွင်မိသားစု ရွှေဂုံပလာဇာ ဗဟန်းက ကျပ်တစ်သိန်း၊ ဒေါ်တင်ထွေးနှင့် သားသမီးများ လသာမြို့နယ်က ကျပ်တစ်သိန်း အသီးသီး လှူဒါန်းကြသည်။ လှူဒါန်းလိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

တစ်ဖက်သတ်အစွဲများနှင့် အမြဲမှားခဲ့သည့် တိုင်းပြည်အန္တရာယ်(သို့မဟုတ်)ဗကပ

ရန်ကြီးအောင်

ဩော်- ဗကပ....ဗကပ။

“ပုရစ်တွေများ သေသွားတာတောင် မျက်လုံးကတော့ ပြူးတုန်း” ဆိုတာလို လက်ညှိုးထိုးပြစရာ အကောင်အထည် မရှိတော့တာတောင်မှ အသံနဲ့တိုင်းပြည်ကို ဒုက္ခပေးဖို့ လုပ်နေတုန်းပါလား။

ဗကပရဲ့ ပြောရေးဆိုခွင့်ရှိသူဆိုတဲ့ ပုဂ္ဂိုလ်ကျော်တစ်ယောက်က ပညာရှိကြီးစတိုင် လေသံဖမ်းပြီး အစိုးရရဲ့ ကြေညာချက် အမှတ် ၁/၂၀၀၈ နဲ့ ၂/၂၀၀၈တို့ အပေါ်မှာ ပြည်သူလူထုကို ဘာလုပ်ကြ၊ ညာလုပ်ကြဆိုပြီး မဟုတ်က ဟုတ်က ဒုက္ခဖြစ်မယ့် အကြံတွေပေးနေတာ တစ်လောက ကြားလိုက်ရလို့ပါဗျာ။ ထူးဆန်းတာကတော့ ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေး ဆိုခွင့်ရှိသူဆိုတဲ့ သူ့ရဲ့အသံက ကွန်မြူနစ်တွေရဲ့ ကမ္ဘာရန်ဆိုတဲ့ မဟာအနောက်နိုင်ငံကြီးထဲကနေ ထွက်လာတာပါပဲ။

ဗကပတို့ရဲ့ ထုံးစံအတိုင်း **“အခု စာလေးကြော်၊ အခု ဆီထမင်း”** လုပ်တတ်တဲ့အကျင့်ကတော့ မပျောက်သေးတာမို့ ဗကပအစဉ်အလာကတော့ ကျန်သေးသကိုးလို့ သုံးသပ်မိပါရဲ့။ ကြေညာချက်တွေ ထွက်ခါစတုန်းက အခုလုပ်မယ့် ဆန္ဒခံယူပွဲဟာ အစစ်အမှန်မဟုတ်ဘဲ စစ်အစိုးရ သက်တမ်းရှည်ရေး အကွက်ဆင်တာမို့ မပျက်ပျက်အောင် ဖျက်ရမယ်။ အခြေအနေက သေရေးရှင်ရေး Do or Die အခြေအနေကိုရောက်နေပြီ ဘာညာနဲ့ ပြောခဲ့တာ ကြားလိုက်ပါတယ်။ တော်ကြာနေကျတော့ လေသံက ပြောင်းသွားပြန်ပြီး ကန့်ကွက်မဲပေးတဲ့နည်းနဲ့ စစ်အစိုးရကို အလဲထိုးရမယ်။ ဖွတ်အမြီးနဲ့ ဖွတ်ကို ပြန်ချည်တဲ့နည်း သုံးရမယ်ဆိုပြီး ပြောပြန်ပါလေရော။

ဗကပတွေဟာ ရှေးရှေးတုန်းကလည်း ဒီလိုပါပဲ။ ပုတ်လောက်ရှိတဲ့ စကားလုံးတွေ ဖောဖောသီသီသုံးပြီး ကျောက်ဆင်းတုခေါင်းညိတ်အောင် ပြောတတ်ပေမယ့် ကိုယ်ပိုင်ဉာဏ်နဲ့ မှန်မှန်ကန်ကန် တွေးခေါ်တတ်တာ မရှိဘဲ သူတစ်ပါး ဘေးကညွှန်ကြားသမျှကို ဘာမှ မစူးမစမ်း မဆင်ခြင်ဘဲ လိုက်လုပ်တဲ့နေရာမှာ တေဒင်ရခဲ့သလို ဟုတ်၏၊ မှန်၏၊ ယုတ္တိ ရှိ/မရှိ မစဉ်းစားဘဲ တစ်ဖက်သတ်အစွဲနဲ့ ထင်ရာပြော၊ ထင်ရာလုပ်တဲ့ နေရာမှာလည်း ရွှေတံဆိပ်ရလောက်တဲ့သူတွေပါ။

ဒုတိယကမ္ဘာစစ်ကြီးပြီးစမှာ ဗကပရဲ့လမ်းစဉ်ဟာ အင်္ဂလိပ်ကို လက်နက်ချဖို့လောက်ပဲရှိခဲ့ပြီးတော့ လိုအပ်လာရင် **“ရရင်ရ မရရင် ချမယ်”** ဆိုတဲ့မူနဲ့ မြေအောက် တော်လှန်ရေးလုပ်ဖို့ ဗမာ့တပ်မတော်က လက်နက်စုဆောင်းထားတာကိုတောင်မှ အင်္ဂလိပ်တွေကိုလက်တို့ပြီး တိုင်ခဲ့သူတွေ ဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံရေးအရ တောင်းဆိုလို့ လွတ်လပ်ရေး ရလာပြန်တော့လည်း **“ဒီလွတ်လပ်ရေးဟာ အတုအယောင် လွတ်လပ်ရေးဖြစ်တယ်၊ လွတ်လပ်ရေးဆိုတာ တောင်းယူလို့ မရ၊ တိုက်ယူမှရမယ်”** ဆိုတဲ့ “On the present situation in Burma and Our Task” ခေါင်းစဉ်နဲ့ ပြည်ပက တင်သွင်းလာတဲ့စာတမ်းပါ နိုင်ငံခြားဖြစ် အတွေးအခေါ်နဲ့ လက်နက်ကိုင် ဆူပူအုံကြွမှုကို စတင်ခဲ့တာဖြစ်ပါတယ်။ နှစ်ပေါင်းလေးဆယ်ကျော်ကြာမြင့်ခဲ့တဲ့ ဗကပတို့ရဲ့ ဆူပူသောင်းကျန်းမှုမှာ နိုင်ငံအတွက် ဘာတွေများ အကျိုးရှိခဲ့သလဲ။ ပြည်သူတွေရဲ့ အသက်အိုးအိမ်၊ စည်းစိမ်တွေ ဆုံးရှုံးပျက်စီးခဲ့ကြရတာပဲ အဖတ်တင်ခဲ့တာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။

၁၉၆၃ ခုနှစ်မှာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တော်လှန်ရေးကောင်စီအစိုးရက ကမ်းလှမ်းခဲ့တော့လည်း ဆွေးနွေးဖို့ မသွားရခင်ကတည်းက **“ကနေ့ရန်သူဟာ ဖောက်ပြန်တဲ့ အမျိုးသား ဓနရှင်ကြီးလူတန်းစားလက္ခဏာအရ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေးကို ဘယ်နည်းနဲ့မှ လုပ်မှာမဟုတ်ဘူး။ အခုရန်သူရဲ့ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေးဆိုတာ တွေ့ဆုံဆွေးနွေးရေး အတုအလိမ်သာ ဖြစ်တယ်။ ဆိတ်ခေါင်းချိတ်ပြီး ခွေးသားလိမ်ရောင်းတာသာဖြစ်တယ်”** ဆိုတဲ့ သဘောထားရှိနေခဲ့ပြီး **“အခု ငြိမ်းချမ်းရေးဆွေးနွေးပွဲကိစ္စမှာ စစ်အစိုးရရဲ့မျက်ခုံးမွေးပေါ် စကြော်လျှောက်နိုင်ဖို့လိုတယ်”** ဆိုတဲ့ ပြည်ပက ညွှန်ကြားချက်အတိုင်း တစ်သဝေမတိမ်းလိုက်နာခဲ့လို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ခဲ့ရတာ တွေ့ရမှာဖြစ်ပါတယ်။ အဲဒီတုန်းက အဲဒီအချိန်က ရဲဘော်ဌေးတို့ဗကပ ကိုယ်စားလှယ်အုပ်စု ချောင်းကလေးတစ်ခုကိုဖြတ်ပြီး ပဲခူးရိုးမတောထဲကို ကျောခိုင်းထွက်ခွာသွားကြတဲ့ ဓာတ်ပုံကို ရှေ့သို့စာစောင်ရဲ့ မျက်နှာဖုံးမှာ သူတို့ပြန်သွားကြလေပြီဆိုတဲ့ ခေါင်းစီးနဲ့ရေးပြီး ထုတ်ဝေခဲ့တာ မြန်မာပြည်ငြိမ်းချမ်းရေးအတွက် တကယ်လိုလားတဲ့ ပြည်သူတွေအဖို့ ကြေကွဲစရာ မြင်ကွင်းတစ်ခုပါပဲ။

အဲဒီလို အပြင်ဘက်ကသွင်းကုန်အဖြစ် တင်သွင်းလာတဲ့ အတွေးအခေါ်တွေကို ပကတိအခြေအနေနဲ့ကိုက်မကိုက် မသုံးသပ် မဆင်ခြင်ဘဲ ပုံတူကူးချခဲ့လို့ မဟာယဉ်ကျေးမှုတော်လှန်ရေး၊ အာဏာနိုင်ထူထောက်ရေး၊ ဖြုတ်ထုတ်သတ်ဆိုတဲ့ လမ်းစဉ်အမှားတွေနဲ့ ဓာတ်တူသားစားပြီး သားက အဖေကိုသတ် စတဲ့ ခေတ်သစ်အဓာတသတ်ဓာတ်တွေ ခင်းခဲ့ကြလို့ ပဲခူးရိုးမ ဗကပတွေ နိဂုံးချုပ်သွားခဲ့ကြရတာလည်း သင်ခန်းစာယူစရာ တွေ့မြင်ရမှာပါ။

၁၉၈၈ အရေးအခင်းနောက်ပိုင်းမှာလည်း တပ်မတော် အစိုးရတော့ အကျပ်အတည်းဆိုက်နေပြီဆိုပြီး ကိုယ့်ကိုယ်ကို အထင်ကြီးလို့ အပိုင်တွယ်ဖို့ ရှိစုမဲ့စုအင်အားနဲ့ မိုင်းယန်းဒေသကို ဝင်တိုက်ခဲ့ရာမှာ အရှုံးကြီးရှုံးခဲ့ပြီး အမြဲတမ်းအမှားကြီးမှားနေခဲ့တဲ့ ဗကပကေဒါဟောင်းကြီးတွေကို တိုင်းရင်းသားအဖွဲ့တွေက စွန့်ခွာမောင်းထုတ်ခဲ့လို့ ဗကပဆိုတာ သမိုင်းရဲ့အမှိုက်ပုံထဲကို ရောက်သွားခဲ့ရတာလည်း အားလုံးအသိပါပဲ။

> **၁၉၈၈ အရေးအခင်း နောက်ပိုင်းမှာလည်း တပ်မတော်အစိုးရတော့ အကျပ်အတည်းဆိုက်နေပြီ ဆိုပြီး ကိုယ့်ကိုယ်ကို အထင်ကြီးလို့ အပိုင်တွယ်ဖို့ ရှိစုမဲ့စုအင်အားနဲ့ မိုင်းယန်းဒေသကို ဝင်တိုက်ခဲ့ရာမှာ အရှုံးကြီးရှုံးခဲ့ပြီး အမြဲတမ်း အမှားကြီးမှားနေခဲ့တဲ့ ဗကပကေဒါဟောင်းကြီးတွေကို တိုင်းရင်းသား အဖွဲ့တွေက စွန့်ခွာမောင်းထုတ်ခဲ့လို့ ဗကပဆိုတာ သမိုင်းရဲ့ အမှိုက်ပုံထဲကို ရောက်သွားခဲ့ရတာလည်း အားလုံးအသိပါပဲ။**

အခုလည်းပဲ အနောက်အုပ်စုရဲ့အလိုကျ ဒီဆန္ဒခံယူပွဲကို ဖျက်ဖို့ မဖျက်နိုင်ရင် ကန့်ကွက်မဲပေးဖို့ ပြောနေပြန်ပါတယ်။ သူတို့ပြောသလိုသာလိုက်လုပ်ကြရင် မြန်မာပြည်မှာ ဒီမိုကရေစီပေါ်လာဖို့အရေး ပိုဝေးသွားဖို့ကလွဲလို့ တခြားဘာမှ အကျိုးဖြစ်မလာနိုင်တာ ရှင်းရှင်းကြီးပါ။ ဒီနေရာမှာ ရာနှုန်းပြည့် လစ်ဘရယ်ဒီမိုကရေစီမှ ဆိုပြီး ကြေးများနေတဲ့ သူတွေကိုလည်း တစ်ခုတော့ ထောက်ပြချင်တယ်။ လက်ဆုပ် လက်ကိုင်မပြနိုင်တဲ့ ဒီမိုကရေစီဆိုတာ မပြောနဲ့ မျက်မြင်ကိုယ်တွေ့ ကိုင်တွယ်သန့်စင်လို့ရတဲ့ ရွှေတောင်မှ ရာနှုန်းပြည့်သန့်စင်တဲ့ ရွှေဆိုတာ ရနိုင်ရဲ့လား၊ အလွန်ဆုံး ၉၉ ဒသမ ၉၉ ရာခိုင်နှုန်းပဲ အာမခံနိုင်တယ် မဟုတ်လား။ ဒီကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံပေါင်း ၁၉၀ ကျော်မှာ ရာနှုန်းပြည့် ‘မို’ပါတယ်ဆိုတဲ့ နိုင်ငံ ဘယ်နှခုများ ရှိလို့လဲ။

“ဘုရားသခင်က လူသားတိုင်းကို တန်းတူညီမျှ ဖန်ဆင်းထားပါတယ်” ဆိုပြီး နိဒါန်းချီထားတဲ့ အခြေခံဥပဒေကြီးနဲ့ ဒီမိုကရေစီ ထိပ်သီးအမည်ခံ အမေရိကန်နိုင်ငံမှာတောင်မှ ၁၇၇၆ ခုနှစ်က လွတ်လပ်ရေးရခဲ့တာ ၁၉၆၀ ပြည့်လွန်နှစ်တွေကျမှ လူမည်းတွေအားလုံး မဲပေးခွင့်ရခဲ့ကြတာ မဟုတ်လား။ နိုင်ငံရေးရင့်ကျက်ပြည့်ဝမှုဆိုတာ ကော်ဖီမစ်တစ်ခွက်လို ရေနွေးဆူဆူထဲ လောင်းထည့်လိုက်ရုံနဲ့ ချက်ချင်းသောက်ဖို့ အသင့်ဖျော်ပြီးသား ဖြစ်သွားနိုင်တာမျိုး မဟုတ်ပါဘူး။ တဖြည်းဖြည်းချင်း တိုးတက်ဖြစ်ပေါ်လာရတာမျိုးပါ။

ဒါပေမယ့် အရင်းရှင်မှန်သမျှ အရင်းရှင်းရမယ်ဆိုတဲ့ ကားလ်မတ်နဲ့ လီနင်ဝါဒကို ယုံကြည်ကိုးကွယ်ခဲ့ကြတဲ့ ဗကပတွေဟာ လက်တွေ့မှာတော့ အရင်းရှင်ပဂေးနိုင်ငံတွေရဲ့အောက်မှာ ခေါင်းလျှိုပြီး ခိုင်းသမျှလုပ်ခဲ့ကြလို့ ဒုတိယကမ္ဘာစစ် အပြီးမှာ ဗြိတိသျှ အင်ပါယာရဲ့ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်(Order of British Empire - OBE) ဘွဲ့ကို မြန်မာပြည်မှာရခဲ့တာ ဗကပတွေပဲလေ။

အနောက်အုပ်စုရဲ့ ပြောင်ပြောင်တင်းတင်း အားပေးထောက်ပံ့မှုနဲ့ တရုတ်ဖြူတွေ ကျူးကျော်လာခဲ့တုန်းကလည်း နယ်ချဲ့ဆန့်ကျင်ရေးဆိုပြီး ပါးစပ်က ကျယ်ကျယ်လောင်လောင် ကြွေးကြော်ခဲ့ပေမယ့် လက်တွေ့မှာတော့ တရုတ်ဖြူတွေကို သွားတိုက်ဖို့ ထွက်ခွာလာတဲ့ မြန်မာ့တပ်မတော်ယာဉ်တန်းကို ချုံခိုတိုက်ခိုက်ပြီး နယ်ချဲ့အလိုကျ နောက်ကျောက ဓားနဲ့ထိုးခဲ့တဲ့ အမျိုးသားရေး သစ္စာဖောက်တွေပါ။

အခုတစ်ကြိမ်မှာလည်း ဗကပပြောရေးဆိုခွင့်ရှိသူ ဆိုပြီး ဝါရှင်တန်ကနေ အသံထွက်လာနေတာ ဘာသဘောလဲ၊ ဘာဖြစ်လို့လဲဆိုတာ နည်းနည်းကလေးလောက် စဉ်းစားတတ်ရင် သိနိုင်ပါတယ်။ သူ့ဘာသာ ဘယ်သူ့တပည့်ခံတာ၊ မခံတာ ဘာမှပြောစရာမရှိပါဘူး။ ဒါပေမယ့် **ပြည်ပကအမိန့်တွေ၊ ညွှန်ကြားချက်တွေကိုပဲ တစ်လျှောက်လုံးအားကိုး နာခံလာခဲ့တဲ့ ဗကပဟာ အဲဒီညွှန်ကြားချက်တွေနောက် လိုက်လုပ်တိုင်း အပြောမှား၊ အလုပ်မှား၊ အကြိမ်ကြိမ်မှားခဲ့လို့ တိုင်းပြည်လည်း နစ်နာ၊ သူတို့အဖွဲ့အစည်းလည်း ပြုတ်ပြုတ်ပြုန်းသွားရတာကို မမှတ်သေးဘဲ အခုတစ်ခါ တိုင်းပြည်ကို ဖျက်ဖို့ ဉာဏ်တစ်ထွာတစ်မိုက်နဲ့ ပြောလာပြန်တာကိုတော့ အဟုတ်ကြီး မမှတ်ကြဖို့ ဓာတ်ကြောင်းလှန်ပြီး မောင်းသံနှင့် သတိပေးလိုက်ပါရစေ ခင်ဗျား။ ။**

> **ပြည်ပကအမိန့်တွေ၊ ညွှန်ကြားချက်တွေကိုပဲ တစ်လျှောက်လုံး အားကိုး နာခံလာခဲ့တဲ့ ဗကပဟာ အဲဒီညွှန်ကြားချက်တွေနောက် လိုက်လုပ်တိုင်း အပြောမှား၊ အလုပ်မှား၊ အကြိမ်ကြိမ်မှားခဲ့လို့ တိုင်းပြည်လည်း နစ်နာ၊ သူတို့အဖွဲ့အစည်းလည်း ပြုတ်ပြုတ်ပြုန်းသွားရတာကို မမှတ်သေးဘဲ အခုတစ်ခါ တိုင်းပြည်ကို ဖျက်ဖို့ ဉာဏ်တစ်ထွာတစ်မိုက်နဲ့ ပြောလာပြန်တာကိုတော့ အဟုတ်ကြီး မမှတ်ကြဖို့ ဓာတ်ကြောင်းလှန်ပြီး မောင်းသံနှင့် သတိပေးလိုက်ပါရစေ ခင်ဗျား။**

အယ်လ်ဂျီးရီးယားနိုင်ငံ မြို့တော်အယ်လ်ဂျီးယားစ်အရှေ့ဘက် ကီလိုမီတာ ၅၀အကွာတွင် ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မှုကြောင့် ပျက်စီးသွားသော ရထားတွဲများကို မတ် ၁ရက်က တွေ့ရစဉ်။(အင်တာနက်ဓာတ်ပုံ)

အစ္စရေးနှင့်ချုပ်ဆိုမည့် ငြိမ်းချမ်းရေးစာချုပ် ဆိုင်းငံ့လိုက်ကြောင်း မာမွတ်အဘတ်စ်ပြောကြား

ဂါဇာ မတ် ၃

ဂါဇာကမ်းမြောင်ဒေသအတွင်း အစ္စရေးတပ်များက ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့၍ လူပေါင်း ၁၀၀ခန့် သေဆုံးခဲ့သည့်အတွက် အစ္စရေးနှင့် ငြိမ်းချမ်းရေးစာချုပ်ကို ချုပ်ဆိုရန် ဆိုင်းငံ့လိုက်ကြောင်း ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်က ပြောကြားသည်။

ကြီးထွား

ထိုသို့ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုရန် ဆိုင်းငံ့လိုက်ခြင်းသည် ဂါဇာကမ်းမြောင်ဒေသ အနောက်ဘက်ကမ်း၌ အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ဒေါသထွက်နေသော ပါလက်စတိုင်းပြည်သူများ တင်းမာမှု ကြီးထွားလာ၍ဖြစ်ကြောင်း မာမွတ်အဘတ်စ်က ပြောကြားသည်။

လက်တုံ့ပြန်

အစ္စရေးဘက်သို့ ပါလက်စတိုင်း စစ်သွေးကြွများက ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် လက်တုံ့ပြန်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေး ဝန်ကြီးချုပ် အေဟွတ်အိုမတ်က ပြောကြားသည်။

အများဆုံး

အစ္စရေးတပ်များက ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သဖြင့် မကြာမီနှစ်များကစတင်ပြီး ယခုနှစ်သည် သွေးထွက်သံယိုဖြစ်ပွားမှု အများဆုံးနှစ်ဖြစ်ကြောင်း ဒေသဆိုင်ရာ ဆရာဝန်များက ပြောကြားသည်။

(အင်တာနက်)

ဘဝအမောပြေ

ဖျက်မင်. . .

ကုမ္ပဏီတစ်ခု၏ စာရင်းကိုင်အလုပ် လျှောက်ထားသူ အမျိုးသမီးတစ်ဦးအား အရာရှိတစ်ဦးက လူတွေ့ စစ်ဆေးလေသည်။

အရာရှိ ။ ။ စာရင်းကိုင်အတွေ့အကြုံရှိလား။
အလုပ်လျှောက်သူ ။ ။ ရှိပါတယ်။
အရာရှိ ။ ။ စာရင်းကိုင်လုပ်သက် ပြောပါဦး။
အလုပ်လျှောက်သူ ။ ။ ၁၀နှစ်ပါ။
အရာရှိ ။ ။ စာရင်းကိုင်တစ်ဦးမှာ အရေးကြီးဆုံး ပစ္စည်းတစ်ခု အမြဲရှိတယ်၊ သိလား။
အလုပ်လျှောက်သူ ။ ။ သိပါတယ်ရှင်။ ဖျက်မင်ပါ။

အိပ်ပျော်နေချိန် ကျယ်လောင်စွာ ဟောက်တတ်သူများ နှလုံးရောဂါနှင့် လေဖြတ်ခြင်းတို့ ဖြစ်ပွားစေနိုင်

ဟန်ဂေရီ မတ် ၃

ကျယ်လောင်စွာဟောက်၍ အိပ်ခြင်းနှင့် နှလုံးရောဂါ၊ လေဖြတ်ရောဂါတို့အကြားဆက်နွယ်မှုရှိနေကြောင်း သိပ္ပံပညာရှင်များက သုတေသနပြု တွေ့ရှိချက်များကို တင်ပြထားသည်။(အောက်ပုံ)

ဟန်ဂေရီနိုင်ငံ၌ နှလုံးရောဂါနှင့် လေဖြတ်ခံရသော ဝေဒနာရှင်၁၂၀၀၀အား သုတေသနသိပ္ပံပညာရှင်များက တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ကြသည်။

ယင်းရောဂါဝေဒနာရှင်များသည် ကျယ်လောင်စွာဟောက်၍ အိပ်ပျော်တတ်သူများဖြစ်နေကြောင်း လေ့လာတွေ့ရှိခဲ့သည်ဟု ဆိုသည်။

ဖော်ပြ

နှလုံးရောဂါနှင့် ဟောက်၍အိပ်ပျော်တတ်ခြင်းတို့အကြား ဆက်စပ်သည့် နိယာမ သဘောတရားကိုလည်း ဆေးဂျာနယ်တစ်စောင်တွင် ရေးသားဖော်ပြထားသည်။

တွေ့ရ

အဝလွန်သော သာမန်လူများသည် ဟောက်၍အိပ်ပျော်တတ်ရာ ခန့်မှန်းခြေအားဖြင့် အရွယ်ရောက်သူအမျိုးသားများတွင် ၄၀ရာခိုင်နှုန်း တွေ့ရပြီး အမျိုးသမီးများ၌ ၂၄ရာခိုင်နှုန်း တွေ့ရသည်ဟု ဆိုသည်။

သေဆုံးရန်

ကျယ်လောင်စွာဟောက်၍ အိပ်ပျော်တတ်သူများသည် နှလုံးရောဂါဖြင့် သေဆုံးရန် ၃၄ရာခိုင်နှုန်းရှိပြီး လေဖြတ်ရန် ၆၇ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။ **(အင်တာနက်)**

တရုတ်၌ မိုင်းလုပ်ငန်း ဘေးကင်းရေးဆောင်ရွက် တရားမဝင် မိုင်းလုပ်သား ၂၀၀အား ဖမ်းဆီး

တိုင်ယွန် မတ် ၃

၂၀၀၇ခုနှစ် ဒီဇင်ဘာလအတွင်းက မိုင်းပေါက်ကွဲမှုတစ်ခုတွင် ၁၀၅ ဦး သေဆုံးခဲ့ပြီးနောက် တရုတ်နိုင်ငံ ရှန်စီပြည်နယ် ကျောက်မီးသွေး ပေါများစွာထွက်သည့် လင်ဖင်းမြို့၌ လုပ်ငန်းဘေးကင်းရေးအတွက် တရားမဝင် ကျောက်မီးသွေးမိုင်းတူးဖော်သူ အလုပ်သမား ၂၀၀ကျော်ကို ဖမ်းဆီးခဲ့သည်။

ဖော်ပြ

ယင်းမြို့မှ အာဏာပိုင်များသည် စုံစမ်းစစ်ဆေးမှုများအရ တရားမဝင်တူးဖော်လုပ်ကိုင်နေသည့် မိုင်းတွင်း ၅၄၀၀ကို ပိတ်ပစ်ခဲ့ကြောင်း၊ ယင်းမိုင်းတွင်းများသည် ၂၀၀၆ခုနှစ်ကတည်းက စတင်တူးဖော်နေသည့် မိုင်းတွင်းများဖြစ်ကြောင်း အဆိုပါသတင်း၌ဖော်ပြသည်။

ဖျက်ဆီး

အာဏာပိုင်များသည် ယင်းစစ်ဆင်ရေးတွင် တရားမဝင် မိုင်းလုပ်ငန်းခွင် ၉၀၀ခန့်ကို ဖျက်ဆီးပစ်ခဲ့သည်ဟု ဆိုသည်။

မိုင်းလုပ်ငန်းရှင် ၂၆ဦး ကိုလည်း မိုင်းတွင်း မှတ်ပုံတင်ရန် ပျက်ကွက်မှုဖြင့် ထိထိရောက်ရောက် ဒဏ်ငွေတပ်ခဲ့သည်ဟု ဖော်ပြသည်။

ပေါက်ကွဲမှု

ဟွန်တန်စီရင်စုရှိ စင်ယာအိုမြို့၌ ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၅ရက်က ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုများ ဖြစ်ပွားပြီးနောက် မိုင်းတွင်းလုပ်ငန်းများကို စည်းကမ်း တင်းကျပ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် မိုင်းတွင်းသည် တရားမဝင် လုပ်ကိုင်နေသော မိုင်းတွင်းဖြစ်ပြီး လေဝင်လေထွက်စနစ် လုံးဝမရှိသောမိုင်းတွင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

အာဖဂန်၌ လမ်းဘေးဗုံးပေါက်ကွဲမှု နှစ်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရရှိ

ကဘူးလ် ဖေဖော်ဝါရီ ၂

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ခို့စ်ပြည်နယ်တွင် မတ် ၁ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အရပ်သားနှစ်ဦးသေဆုံးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုသည် ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခန့်က အလီရှီရှိရ်ခရိုင် ဘာဘရက်ခ်ဒေသတွင် အရပ်သားကားတစ်စီးကို စစ်သွေးကြွများက အဝေးထိန်းခလုတ်ဖြင့် ဗုံးခွဲတိုက်ခိုက်ရာမှ ဖြစ်ပွားခဲ့ကြောင်း ယင်းတာဝန်ရှိသူက ဆင်ဟွာသို့ ပြောကြားခဲ့သည်။ သို့သော်လည်း ယင်းဖြစ်ရပ်နှင့်စပ်လျဉ်း၍ မည်သူ့တွင် တာဝန်ရှိကြောင်း ပြောဆိုရန် ငြင်းဆိုခဲ့သည်။

တာလီဘန်လက်နက်ကိုင်များသည် ၂၀၀၁ခုနှစ်နှောင်းပိုင်း အာဏာစွန့်လွှတ်ခဲ့ရကတည်းက အာဖဂန်အစိုးရနှင့် ပြည်ပတပ်ဖွဲ့များကို တိုက်ခိုက်နေကြသည်။ စစ်သွေးကြွများနှင့်ဆက်နွှယ်သော အကြမ်းဖက်မှုများကြောင့် ၂၀၀၇ခုနှစ် အတွင်း လူပေါင်း ၆၀၀၀ကျော် သေဆုံးခဲ့ပြီး တာလီဘန်စစ်သွေးကြွများက လည်း ယခုနှစ်တွင် ၎င်းတို့၏ တိုက်ခိုက်မှုများကို အရှိန်မြှင့်သွားမည်ဟု ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီကွေဒေါ်နိုင်ငံ ဘာဘာဟိုယိုမြို့တွင် မြစ်တွင်းထိုးကျနေသော လူနာတင်ယာဉ်အား ဆယ်တင်နေသည်ကို ဖေဖော်ဝါရီ ၂၁ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ကိုလံဘီယာတို့ သူပုန်ခေါင်းဆောင်အား သတ်ဖြတ် ဗင်နီဇွဲလားက တပ်ရင်း၁၀ရင်း နယ်စပ်သို့စေလွှတ်

ကရာကတ် မတ် ၃

ကိုလံဘီယာတပ်ဖွဲ့ဝင်များက မက္ကဆီကို သူပုန်ခေါင်းဆောင်အား သတ်ဖြတ်လိုက်ပြီးနောက် ဗင်နီဇွဲလား သမ္မတ ဟူဂိုချာဗက်ဇ်က ကိုလံဘီယာ နယ်စပ်သို့ တပ်ရင်း၁၀ရင်းထွက်ခွာရန် အမိန့်ပေးလိုက်ကြောင်း မတ်၁ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပြောကြား

ဗင်နီဇွဲလားနိုင်ငံရှိ ကိုလံဘီယာ နိုင်ငံသံရုံးကိုလည်းပိတ်မည်ဖြစ်ကြောင်း သမ္မတဟူဂိုချာဗက်ဇ်က ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားလိုက်သည်။

ကိုလံဘီယာသမ္မတအယ်ဗာရိုးသည် ရာဇဝတ်မှုကျူးလွန်သူဖြစ်ကြောင်း သမ္မတချာဗက်ဇ်က ပြောကြားသည်။

သတ်ဖြတ်

သူပုန်ထိပ်တန်းခေါင်းဆောင်ရာအူးလ်ရေးယက်စ်အား မတ်၁ရက်က ဥရုဂွေးပိုင်နယ်အတွင်း ကိုလံဘီယာ တပ်များကသတ်ဖြတ်လိုက်ခြင်းဖြစ်သည်။

(အင်တာနက်)

4-3 (05)



ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၃-၃-၂၀၀၈

လက်ဘနွန်မှ ဆော်ဒီနိုင်ငံသားများ ထွက်ခွာရန် တိုက်တွန်း

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ရှိ ဆော်ဒီအာရေဗျနိုင်ငံသားများအနေဖြင့် လုံခြုံရေးအရ ထွက်ခွာကြရန် ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီးဌာနက တိုက်တွန်းလိုက်သည်။

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ ဆော်ဒီအာရေဗျ သံရုံးကို ဗုံးခွဲတိုက်ခိုက်မည်ဟု ခြိမ်းခြောက်မှုတစ်ရပ် လက်ခံရရှိခဲ့ပြီးနောက် ယခုကဲ့သို့ တိုက်တွန်းခြင်းဖြစ်သည်။

အာရပ်အဖွဲ့ချုပ် ထိပ်သီးအစည်းအဝေး ဆီးရီးယား၌ ကျင်းပမည်

အာရပ်ထိပ်သီးအစည်းအဝေး ကျင်းပရေးနှင့်ပတ်သက်ပြီး ဆီးရီးယားနှင့် အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ် အမာမူဆာတို့ တွေ့ဆုံဆွေးနွေးသည်။

အာရပ်အဖွဲ့ချုပ် ထိပ်သီးအစည်းအဝေးကို ယခုမတ်လနောက်ဆုံးသီတင်းပတ်၌ ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တွင် ကျင်းပမည်ဖြစ်သည်။

အရှေ့အလယ်ပိုင်းပြဿနာများဆွေးနွေးရန် အီဂျစ်သမ္မတ မူဘာရက် ပိုလန်သို့ သွားရောက်မည်

အရှေ့အလယ်ပိုင်းကိစ္စရပ်များ ဆွေးနွေးရန် အီဂျစ်သမ္မတ ဟို့စနီမူဘာရက် ပိုလန်သို့ လာမည့်သီတင်းပတ်၌ ခရီးထွက်မည်ဖြစ်ကြောင်း အီဂျစ်အရာရှိများက ပြောကြားသည်။

အီရတ်၊ လက်ဘနွန်နှင့် ပါလက်စတိုင်းကိစ္စရပ်များနှင့် အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ ပြဿနာများအပေါ် အဖြေရှာရေး ပိုလန်ခေါင်းဆောင်များနှင့် သမ္မတမူဘာရက်တို့ ဆွေးနွေးမည်ဖြစ်သည်။

အစ္စရေးတိုက်ခိုက်မှု ရပ်ဆိုင်းရန် ကုလတောင်းဆို

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့လေကြောင်းမှ တိုက်ခိုက်နေမှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အမြန်ရပ်ဆိုင်းရန် တောင်းဆိုလိုက်သည်။

အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ပါလက်စတိုင်းတို့ပဋိပက္ခဖြစ်ပွားမှု အဆုံးသတ်ရန်၊ အစ္စရေးတို့ လေကြောင်းမှတိုက်ခိုက်မှုကြောင့် အရပ်သားများ သေဆုံးခြင်း ဆက်လက်မပေါ်ပေါက်စေရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆက်လက်တောင်းဆို လိုက်သည်။

သတင်းမှပေးသော အသိနှင့်သတိပြုဖွယ်

အန္တရာယ်ရှိသောနေရာများသို့ ကလေးငယ်ခေါ်ဆောင်သွားခဲ့လျှင် . . .

ဒိန်းမတ်နိုင်ငံ ကိုပင်ဟောဂင်မြို့တွင် မတ်၁ရက်က အသက်ငါးနှစ်အရွယ်ကလေးငယ်တစ်ဦး မတော်တဆဖြစ်ရပ်ကြောင့် သေဆုံးခဲ့ရကြောင်း ကိုပင်ဟောဂင်မြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြုတ်ကျ

အခင်းဖြစ်ပွားမှုမှာ ကိုပင်ဟောဂင်မြို့၌ ကျင်းပသော ရိုးရာဓလေ့ပွဲတော်တစ်ခုအတွင်း ပေဖ၀မြင့်သော လူစီးခြားရဟတ်ကို မိခင်နှင့်အတူစီးနေသည့် အဆိုပါကလေးငယ်မှာ ရုတ်တရက်အရှိန်မြင့်လှည့်ပတ်လိုက်သော ခြားရဟတ်ကြောင့် အလန့်တကြားဖြစ်ပြီး မိခင်လက်မှ လွတ်ထွက် ပြုတ်ကျခဲ့ရာမှ သေဆုံးခဲ့ခြင်းဖြစ်သည်။

ဤဖြစ်ရပ်သည် အန္တရာယ်များသော အပျော်စီးနေရာသို့ ကလေးငယ်များအား ခေါ်ဆောင်မှုကို သတိပြု ဆင်ခြင်သင့်ကြောင်း မီးမောင်းထိုးပြလျက်ရှိသည်။

မောင်မောင်မြင့်ဆွေ

အင်္ဂါဂြိုဟ်အနီး လေ့လာရေးယာဉ် ချဉ်းကပ်

နာဆာမှစေလွှတ်ထားသော အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်အနီးသို့ ချဉ်းကပ်လေ့လာနေကြောင်း နာဆာအရာရှိများက ပြောကြားသည်။

အဆိုပါလေ့လာရေးယာဉ်မှာ အင်္ဂါဂြိုဟ်၏ အနေအထားကို အချိန်ပြည့် လေ့လာမည်ဖြစ်ပြီး လာမည့်မေလ၌ အင်္ဂါဂြိုဟ်၏ အနီးဆုံးနေရာသို့ ရောက်ရန် စီစဉ်ထားကြောင်း ၎င်းတို့က ပြောကြားသည်။

အီဂျစ်၌ ကြက်ငှက်တုပ်ကွေး လူသို့ကူးစက်

အီဂျစ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေး ကူးစက်ခံရသူတစ်ဦးရှိကြောင်း အီဂျစ်ကျန်းမာရေးအရာရှိများက ပြောကြားသည်။

ကြက်ငှက်တုပ်ကွေး ကူးစက်ခံရသူမှာ အီဂျစ်နိုင်ငံ ဖေယန်မြို့မှ အသက် ၂၅နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ပြီး အီဂျစ်နိုင်ငံ၏ ၄၅ဦးမြောက် ရောဂါကူးစက်ခံရသူဖြစ်သည်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- ဩစတြီးယားနိုင်ငံ လန့်ဇ်မြို့တွင် မတ် ၂ရက်က တစ်နာရီ ကီလိုမီတာ ၁၇၀နှုန်းရှိသော မုန်တိုင်းတိုက်ခတ်ခံရသဖြင့် နေအိမ်နှင့်သစ်ပင်များ ပြိုလဲကာ သုံးဦးသေဆုံးခဲ့သည်။ **(အပေါ်ပုံ)**
- **ကနေဒါနိုင်ငံ ဟာမီလ်တန်မြို့၌ မတ် ၂ရက်က နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။**
- ဂျာမနီနိုင်ငံ ဝီဆင်မြို့၌ မတ် ၂ရက်က တစ်နာရီ ကီလိုမီတာ၁၉၀နှုန်း တိုက်ခတ်သော မုန်တိုင်းဒဏ်ကြောင့် နှစ်ဦးသေဆုံးပြီး လူနေအိမ်များ ပျက်စီးခဲ့သည်။
- **ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘူရီဂန်ဂါမြစ်အတွင်း မတ် ၂ရက်က စက်လှေတစ်စင်း နစ်မြုပ်ခဲ့ရာ ၁၆ဦးသေဆုံးပြီး ၁၀ဦးပျောက်ဆုံးလျက်ရှိသည်။**
- သီရိလင်္ကာနိုင်ငံမြောက်ပိုင်း ဗာဗျူနီယာခရိုင်ရှိ သတ္တုမိုင်းတွင်းတစ်တွင်း မတ် ၂ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ မိုင်းလုပ်သားနှစ်ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့သည်။
- **အိန္ဒိယနိုင်ငံမြောက်ပိုင်း ကတ်ရှ်မီးယားဒေသ၌ မတ် ၂ရက်က ဆီးနှင်းများ ဆိုးရွားစွာကျဆင်းခဲ့ရာ အချို့နေရာများတွင် ဆီးနှင်းထုတစ်ပေခန့်အထိ ရှိခဲ့သည်။**
- တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့အရှေ့ဘက် မိုင်၅၀ခန့်ရှိ ကျေးရွာတစ်ရွာ၌ မတ်၂ရက် ညက တောဆင်ရိုင်းသုံးကောင်ဝင်ရောက်သောင်းကျန်းမှုကြောင့် နေအိမ်သုံးလုံးပျက်စီးပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။
- **နီပေါနိုင်ငံ ခတ္တမန္ဒူမြို့အနောက်တောင်ပိုင်း မိုင်၈၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ မတ်၂ရက်က မြေပြိုမှုဖြစ်ပွားရာ နေအိမ်နှစ်လုံးပျက်စီးပြီး လူနှစ်ဦး သေဆုံးခဲ့သည်။**

အီကွေဒေါ နိုင်ငံ၏ သမိုင်းကြောင်း

သတင်းအက်ဆေး

အီကွေဒေါသမ္မတနိုင်ငံသည် တောင်အမေရိကတိုက် အနောက်ဘက်ကမ်းခြေတွင် တည်ရှိသည်။ ဤနိုင်ငံ၌ ကိုလိုနီခေတ်က စပိန်အမျိုးအနွယ်များ၊ အာဖရိကကျွန်များမှ ဆင်းသက်လာသူများ အပါအဝင် ဒေသခံပြည်သူတို့ အစုအစုလိုက် မှီတင်းနေထိုင်ကြသည်။

တစ်ချိန်က အင်ကာအင်ပါယာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ခဲ့သည့် ကွီတိုမြို့တော်တွင် အကောင်းဆုံး ထိန်းသိမ်းထားသည့် ကိုလိုနီခေတ်ဦး ဗိသုကာလက်ရာအချို့ကို တွေ့နိုင်သည်။

ရောက်ရှိ

ကွီတိုကို မြို့တော်အဖြစ်ထားရှိကာ ကာရပ်စ်ပြည်သူတို့နေထိုင်ရာ ဘုရင့်နိုင်ငံကို ၁၄၅၀ပြည့်လွန်နှစ်များအတွင်းက ပီရူးနိုင်ငံမှ အင်ကာတို့ကျူးကျော်သိမ်းပိုက်ခဲ့သည်။ ၁၅၃၄ခုနှစ်တွင် အီကွေဒေါနိုင်ငံကို စပိန်တို့သိမ်းယူလိုက်သဖြင့် ပီရူးမှ စပိန်ဘုရင်ခံ စီရင်အုပ်ချုပ်ပိုင်ခွင့် အာဏာအောက်သို့ ရောက်ရှိသွားပြန်သည်။

၁၈၂၂ခုနှစ်တွင် လွတ်လပ်ရေးခေါင်းဆောင် ဆိုင်မွန်ဘိုလီဗာ၏နောက်လိုက် အင်တိုနီယိုဟိုဆေးဒီဆူကာက ပီချင်ချာစစ်ပွဲတွင် စပိန်သစ္စာခံများအပေါ် အောင်နိုင်လိုက်သည်။ အီကွေဒေါနိုင်ငံသည်လည်း ကိုလံဘီယာ၊ ပနားမား၊ ဗင်နီဇွဲလားတို့ပါဝင်သည့် လွတ်လပ်သော ဂရန်ကိုလံဘီယာနိုင်ငံ၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာသည်။

ကျယ်ဝန်း

၁၈၃၀ပြည့်နှစ်တွင် ဂရန်ကိုလံဘီယာမှခွဲထွက်ကာ အီကွေဒေါနိုင်ငံ လွတ်လပ်ရေးရရှိသည်။ ၁၉၄၁ခုနှစ်တွင် အီကွေဒေါနိုင်ငံမှ သတ္တုတွင်းထွက်ပစ္စည်းကြွယ်ဝသည့် အယ်အိုရိုပြည်နယ်အတွင်း ပီရူးက ကျူးကျော်သည်။ ၁၉၄၂ ခုနှစ်တွင် ရီယိုစာချုပ်အရ စတုရန်း ကီလိုမီတာ ၂၀၀၀၀၀ ကျယ်ဝန်းသည့် အငြင်းပွားနယ်မြေကို အီကွေဒေါနိုင်ငံက ပီရူးနိုင်ငံလက်သို့ ထိုးအပ်လိုက်ရသည်။

၁၉၄၈-၆၀ ခုနှစ်များအတွင်းတွင် ငှက်ပျောသီး အရောင်းအဝယ်ကောင်းသည့်အတွက် ကြွယ်ဝလာသည်။ ၁၉၆၃ ခုနှစ်တွင် သမ္မတကာလို့စ်အာရိုဆီမီနာကို စစ်တပ်ကအာဏာသိမ်းပြီး လူမှုရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သည်။ ၁၉၆၆ ခုနှစ်တွင် ဆန္ဒပြမှုများဖြစ်ပွားအပြီး ကြားဖြတ်အစိုးရတက်လာသည်။ ယင်းနောက် တိုင်းပြုပြည်ပြု လွှတ်တော်သစ်က အော့တိုအီဂိုဆီမီနာဂိုမက်ကို နိုင်ငံတော်အကြီးအကဲအဖြစ် ရွေးချယ်လိုက်သည်။

၁၉၆၇ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုသည်။ ၁၉၆၈ ခုနှစ်တွင် သမ္မတဟောင်း ဟိုဆေးမာရီယာဗီလတ်စကိုအား ပဉ္စမ အကြိမ်မြောက်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။ နောက်နှစ်နှစ်အကြာတွင် ထောက်ခံမှုကျဆင်းလာသည့်အတွက် အာဏာရှင်ဆန်ဆန် အုပ်ချုပ်လာသည်။

၁၉၇၂ ခုနှစ်တွင် ရေနံကြောင့် အီကွေဒေါနိုင်ငံသည် အရေးပါသော ရေနံရောင်းနိုင်ငံ ဖြစ်လာသည်။ သမ္မတဗီလက်စကိုအား ဖြုတ်ချပြီး ဗိုလ်ချုပ်ကြီးရိုဒရီဂွက် သမ္မတဖြစ်လာသည်။ ၁၉၇၉ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်က ဒီမိုကရေစီပြန်ကျင့်သုံးမည်ဟု ကြေညာသည်။ ၁၉၈၂ ခုနှစ်တွင် ရေနံဈေးကျသဖြင့် စီးပွားရေးကျဆင်းမှု ပိုမိုဆိုးရွားလာကာ သပိတ်မှောက် ဆန္ဒပြမှုများကြောင့် အရေးပေါ် အခြေအနေ ကြေညာရသည်။ ၁၉၉၂ ခုနှစ်တွင် ရေနံတိုးထုတ်ရန် အီကွေဒေါနိုင်ငံသည် အိုပက်အဖွဲ့မှ နုတ်ထွက်သည်။

သုံးစွဲ

၁၉၉၈ ခုနှစ်တွင် ဂျမီးမာဟွက်သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၂၀၀၀ ပြည့်နှစ်တွင် မာဟွက်ဖြုတ်ချခံရပြီး ဒုတိယသမ္မတ ဂုစတာဗိုနိုဘိုအာသမ္မတဖြစ်လာသည်။ ငွေကြေးဖောင်းပွမှု တိုက်ဖျက်ရေး၊စီးပွားရေးတည်ငြိမ်ရေးအတွက် အမေရိကန်ဒေါ်လာငွေကို နိုင်ငံသုံးငွေအဖြစ် သတ်မှတ်သုံးစွဲသည်။

အီကွေဒေါ သမ္မတနိုင်ငံမှာ လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သည်။ ၁၉၆၀ ပြည့်လွန်နှစ်များတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေနံရှာဖွေတွေ့ရှိမှုတို့ကြောင့် စီးပွားရေးကဏ္ဍ ပြောင်းလဲတိုးတက်လာခဲ့။

၂၀၀၂ခုနှစ် နိုဝင်ဘာတွင် လက်ဝဲခေါင်းဆောင် လူစီယိုသမ္မတရွေးကောက်ပွဲ၌ အနိုင်ရသည်။ ၂၀၀၃ ခုနှစ် ဇန်နဝါရီတွင် ကျမ်းသစ္စာကျိန်ဆိုရာထူးလက်ခံသည်။ ၂၀၀၅ခုနှစ် ဧပြီလတွင် ကွန်ဂရက်က သမ္မတလူစီယိုကိုဖယ်ရှားပြီး အယ်ဖရက်ဒို ပါလာစီယိုကို အစားထိုးလိုက်သည်။

၂၀၀၆ခုနှစ် မတ်လတွင် အမေရိကန်နိုင်ငံနှင့် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူမည့်အရေးကို တစ်နိုင်ငံလုံး ကန့်ကွက်ဆန္ဒပြသည်။ ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် ရာဖေးကော်ရီးယားစ်က သမ္မတရွေးကောက်ပွဲတွင် အနိုင်ရသည်။ ၂၀၀၇ခုနှစ် အောက်တိုဘာလရွေးကောက်ပွဲတွင် သမ္မတ ရာဖေးကော်ရီးယားစ်ပါတီက တိုင်းပြုပြည်ပြု လွှတ်တော်အမတ်နေရာ ၁၃၀ အနက် နေရာ၈၀ရလိုက်သည်။

ကတိပေး

သမ္မတရာဖေးကော်ရီးယားက ဆင်းရဲသား တိုင်းသူပြည်သားများ အကျိုးခံစားစေရန် လူမှုတော်လှန်ရေးတစ်ရပ်ဆင်နွှဲမည်ဟု ကြေညာကတိပေးထားသည်။ သူသည် စီးပွားရေး ပါရဂူဘွဲ့ရရှိထားသူဖြစ်ပြီး ကွီတိုမြို့ ဆန်ဖရန်စစ္စကိုတက္ကသိုလ်တွင် ပါမောက္ခအဖြစ် ထမ်းဆောင်ခဲ့သူဖြစ်သည်။

အစဉ်အလာအားဖြင့် အီကွေဒေါ သမ္မတနိုင်ငံမှာ လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သည်။ ၁၉၆၀ပြည့်လွန်နှစ်များတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် ရေနံရှာဖွေတွေ့ရှိမှုတို့ကြောင့် စီးပွားရေးကဏ္ဍ ပြောင်းလဲတိုးတက်လာခဲ့ရသည်။ စီးပွားရေးတိုးတက်လာသည်နှင့်အမျှ ကျန်းမာရေး၊ ပညာရေးနှင့်အိမ်ရာဆောက်လုပ်ရေးကဏ္ဍများ၌လည်း တစ်ပြေးညီ ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

4-3 (05) 1 3/4/08, 2:12 AM

ဒီမိုကရက်ပြိုင်ဘက် ဟီလာရီနှင့် အိုဘားမား တက္ကဆက်နှင့်အိုဟိုင်းယိုး အကြိုရွေးပွဲအမီ အပြိုင်စည်းရုံး

ဝါရှင်တန် မတ် ၃

အမေရိကန်သမ္မတ ရွေးကောက်ပွဲအတွက် ပါတီကိုယ်စားပြုသမ္မတလောင်းအဖြစ် ယှဉ်ပြိုင်ခွင့်ရရေး၌ အရေးပါသော မတ် ၄ ရက် (ယနေ့)တွင် တက္ကဆက်နှင့် အိုဟိုင်းယိုး အကြိုရွေးကောက်ပွဲများ မကျင်းပမီ ဒီမိုကရက်တစ်ပါတီမှ ပြိုင်ဘက်နှစ်ဦးဖြစ်သည့် ဟီလာရီကလင်တန်နှင့် အိုဘားမားတို့သည် ယခုအခါ အကြိတ်အနယ် မဲဆွယ်စည်းရုံး ဟောပြောလျက်ရှိသည်။

အဆိုပါ ပြည်နယ်နှစ်ခုစလုံးမှာ ဟီလာရီကလင်တန်အတွက် အနိုင်ရမှ ဖြစ်မည် သို့မဟုတ်ပါက ပြိုင်ပွဲမှထွက်ရမည့်ကိန်း ဆိုက်နေသည်။ ယခုအခါ ပြိုင်ဘက် အိုဘားမားမှာ အကြိုရွေးကောက်ပွဲ ၁၁ ခု ဆက်တိုက်နိုင်ခဲ့သည်။ ဟီလာရီကလင်တန်မှာမူ ဖေဖော်ဝါရီ ၅ရက် စူပါအင်္ဂါနေ့က အကြိုရွေးကောက်ပွဲများနောက်ပိုင်း အရှုံးနှင့်သာ ကြုံခဲ့ရသည်။

ကြေညာ

တိုင်းပြည်အန္တရာယ်ကျရောက်မည့်ဘေးမှ ဖယ်ရှားနိုင်သည့် ဆုံးဖြတ်ချက်များကို ဟီလာရီကလင်တန်သာလျှင် ချမှတ်နိုင်သည့် အတွေ့အကြုံများရှိကြောင်း သူ၏ မဲဆွယ်စည်းရုံးရေးအဖွဲ့က ကြေညာသည်။

ထိုအခါ အီရတ်စစ်ပွဲဆင်နွှဲခွင့်ပေးရန် အထက်လွှတ်တော်အမတ် ဟီလာရီ ထောက်ခံမဲပေးပြီးနောက် သူ၏ အဆုံးအဖြတ်မှာ မေးခွန်းထုတ်စရာ ဖြစ်သည်ဟု အိုဘားမားမဲဆွယ်ရေးအဖွဲ့က တုံ့ပြန်လိုက်သည်။

ပြောကြား

အိုဘားမား၏ နိုင်ငံခြားရေးမူဝါဒ အတွေ့အကြုံမရှိမှုကို မီးမောင်းထိုးပြရန်အတွက် မိမိတို့သည် တိုက်ခိုက်ရေးကျွမ်းကျင်ပြီး ရပ်တည်ကာကွယ်ပေးနိုင်သည့် သမ္မတတစ်ဦး လိုအပ်နေကြောင်းဖြင့် ဟီလာရီကလင်တန်က တက္ကဆက် ပြည်နယ် လူထုစည်းဝေးပွဲ၌ ပြောကြားလိုက်သည်။

သေချာ

ယင်းသို့ ဒီမိုကရက်တစ်ပါတီမှ ပြိုင်ဘက်နှစ်ဦးတစ်ဦးနှင့်တစ်ဦးဝေဖန်ကာ အကြိတ်အနယ် စည်းရုံးနေခိုက် ရီပတ်ဘလီကင်ပါတီ ယှဉ်ပြိုင်ဘက်များကြားတွင် ဂျွန်မက်ကိန်းမှာ ရှေ့မှ အပြတ် ဦးဆောင်လျက်ရှိပြီး လာမည့် အကြိုရွေးကောက်ပွဲများ၌ ညီလာခံ ကိုယ်စားလှယ် အလုံအလောက်ရကာ ပါတီညီလာခံ၌ လိုအပ်သည့် ဦးရေရရန် သေချာသည်။ **(အင်တာနက်)**

မတ် ၂ ရက်က အိုဟိုင်းယိုးပြည်နယ်၌ မဲဆွယ်စည်းရုံးလျက်ရှိသည့် ဟီလာရီကလင်တန်။ (အင်တာနက်ဓာတ်ပုံ)

အရှေ့တီမောသမ္မတအား တိုက်ခိုက်သူ ရဲထံ လာရောက်အဖမ်းခံ

ဒီလီ မတ် ၃

အရှေ့တီမောသမ္မတ ဟိုဆေးရာမို့စ်ဟော်တာ ဒဏ်ရာရရှိအောင် ပြီးခဲ့သည့် လအတွင်းက ပစ်ခတ်တိုက်ခိုက်မှုတွင် ပါဝင်သည်ဟု စွပ်စွဲခံရသူ အမာရိဒါကော့စတာ**(အပေါ်ပုံ)**သည် မတ် ၁ ရက် ညပိုင်းက ရဲတပ်ဖွဲ့ထံ လာရောက်အဖမ်းခံခဲ့သည်။

သမ္မတဟိုဆေးရာမို့စ်ဟော်တာအား သူ့နေအိမ်၌ရှိနေစဉ် ပစ်ခတ်သည့် အဖွဲ့တွင် သူပါဝင်ခဲ့ကြောင်း၊ သို့သော် သမ္မတကို သူကိုယ်တိုင်ပစ်ခတ်မှု မပြုခဲ့ကြောင်း အမာရိဒါကော့စတာက ပြောကြားသည်။

တိုးတက်ကောင်းမွန်

သူပုန်တို့တိုက်ခိုက်သည့်အချိန်မှစ၍ ယနေ့အထိ အရှေ့တီမောနိုင်ငံ၌ အရေးပေါ်အခြေအနေ ထုတ်ပြန်ထားဆဲ ဖြစ်သည်။ သမ္မတ ဟော်တာမှာ ဩစတြေးလျဆေးရုံ၌ ကျန်းမာရေး အခြေအနေ တိုးတက်ကောင်းမွန်နေပြီဟု သိရသည်။ **(အင်တာနက်)**

ဗြိတိန်လေတပ်မှ တပ်ဖွဲ့ဝင်တစ်ဦး အီရတ်၌ ဒုံးကျည်ထိမှန်သေဆုံး

လန်ဒန် မတ် ၃

ဗြိတိန်နိုင်ငံ တော်ဝင်လေတပ်မှ တပ်ဖွဲ့ဝင်တစ်ဦး အီရတ်နိုင်ငံတောင်ပိုင်းတွင် ဒုံးကျည်ထိမှန်သေဆုံးသွားကြောင်း ဗြိတိန်ကာကွယ်ရေး ဝန်ကြီးဌာနက မတ် ၁ ရက်၌ ကြေညာသည်။

ဖော်ပြထား

ဘာဆာရာမြို့ပြင်ဘက်ရှိ လေဆိပ် အရေးပေါ် စစ်ဆင်ရေးစခန်း၌ ဒုံးကျည်ထိမှန်ခြင်းဖြစ်ကြောင်း၊ ၂၀၀၃ ခုနှစ်ကတည်းက အီရတ်နိုင်ငံ၌ သေဆုံးသည့် ဗြိတိန်တပ်ဖွဲ့ဝင်ပေါင်းမှာ စုစုပေါင်း ၁၇၅ ဦးရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြထားသည်။

ယခုအချိန်တွင် အီရတ်၌ တာဝန်ထမ်းဆောင်နေသည့် ဗြိတိန် တပ်ဖွဲ့ဝင် ဦးရေမှာ ၅၀၀၀ခန့်ရှိသည်ဟု သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အာမေနီးယား၌ ရွေးကောက်ပွဲအငြင်းပွားရ၍ဆန္ဒပြ ရဲတပ်ဖွဲ့ဝင်နှင့် ဆန္ဒပြသူများအဓိကရုဏ်းဖြစ်၍ ရှစ်ဦးသေဆုံး

ရီရီဗန် မတ် ၃

အာမေနီးယားနိုင်ငံ မြို့တော် ရီရီဗန်၌ မတ်၁ရက်က ရွေးကောက်ပွဲ မဲလိမ်မှုဖြစ်ပွားခဲ့၍ ဆန္ဒပြခဲ့ကြသည်။ ရဲတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများ အကြား အဓိကရုဏ်း ဖြစ်ပွားခဲ့သဖြင့် ရှစ်ဦးသေဆုံးသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကင်းလှည့်

အစိုးရက နိုင်ငံကို အရေးပေါ် အခြေအနေ ကြေညာလိုက်ပြီး မြို့တော် ရီရီဗန်၌ အစိုးရတပ်ဖွဲ့ဝင်များနှင့် သံချပ်ကာယာဉ်များဖြင့် ကင်းလှည့်နေသည်။**(ယာပုံ)**

ဆန္ဒပြ

ဝန်ကြီးချုပ် ဆာကစ်ဆီဗင်သည် ဖေဖော်ဝါရီ ၁၉ ရက်က ပြုလုပ်ခဲ့သော ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသည်။ ယင်းရွေးကောက်ပွဲတွင် မဲလိမ်သည်ဟု သတင်းပေါ်ထွက်ခဲ့သဖြင့် ပြည်သူများက ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

မတ်၁ရက်က ၁၁ရက်မြောက်နေ့အဖြစ် ဆက်လက်ဆန္ဒပြခဲ့ပြီးနောက် အစိုးရက အရေးပေါ် အခြေအနေ ကြေညာလိုက်သည်။ ယင်းကြေညာချက်ထုတ်ပြန်လိုက်ပြီးနောက် ရဲတပ်ဖွဲ့က ဆန္ဒပြလူအုပ်ကြီးကို မျက်ရည်ယိုဗုံးများ အသုံးပြု၍ လူစုခွဲခဲ့ရသည်ဟု ဆိုသည်။

ဒဏ်ရာရရှိ

ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့တို့ အဓိကရုဏ်းဖြစ်ပွားခဲ့ရာတွင် ရှစ်ဦး သေဆုံးပြီး ရဲတပ်ဖွဲ့ဝင်၃၃ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

နှစ်စဉ်ကိုယ်ဝန်ဆောင်မိခင်များ သေဆုံးမှု လူဦးရေ တစ်သန်းအထိ ရှိလာနိုင်

လန်ဒန် မတ် ၃

နှစ်စဉ်နှစ်တိုင်း ကိုယ်ဝန်ဆောင်အမျိုးသမီး တစ်သန်းခန့်အထိ သေဆုံးနိုင်ကြောင်း ဗြိတိသျှပါလီမန် အမတ်တစ်ဦးက သတိပေးပြောကြားလိုက်သည်။

ကလေးမွေးဖွားပြီး မိခင်အချို့သည် ဗြိတိန်နိုင်ငံ၌ သေဆုံးမှုမြင့်တက်လာကြောင်း၊ အထူးသဖြင့် အဆင်းရဲဆုံး နိုင်ငံများ၌ ပို၍များပြားလာကြောင်း နိုင်ငံတကာဖွံ့ဖြိုးရေးကော်မတီ၏ ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

ဖော်ပြ

ကမ္ဘာတစ်ဝန်းတွင် ကိုယ်ဝန်ဆောင်မိခင်များ၏ ကျန်းမာရေးအခြေအနေတိုးတက်ရန်အတွက် အလေးထားဆောင်ရွက်သင့်ကြောင်း အစီရင်ခံစာ၌ ဖော်ပြသည်။

မြင့်တက်

ကမ္ဘာတစ်ဝန်း ကိုယ်ဝန်ဆောင်မိခင်များ သေဆုံးမှုသည် ၂၀၀၅ခုနှစ်က လူဦးရေ ၅၃၆၀၀၀ ရှိရာမှ ၂၀၀၇ခုနှစ်တွင် ၈၇၂၀၀၀ အထိ မြင့်တက်လာသဖြင့် အဆိုပါနိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ မာကိုဘရူစီက ပြောကြားလိုက်သည်။ **(အင်တာနက်)**

သီရိလင်္ကာနိုင်ငံ ဗာဗန်နီယာမြို့တွင် မတ် ၂ရက်က လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြသည်ကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

အီရန်သမ္မတ၏ အီရတ်သို့ ချစ်ကြည်ရေးခရီး စတင်

ဘဂ္ဂဒက် မတ် ၃

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်သည် အီရတ်နိုင်ငံတွင် နေထိုင်လည်ပတ်ရန် ဘဂ္ဂဒက်မြို့တော်သို့ ရောက်ရှိလာသည်။ ဤခရီးမှာ အီရတ်နိုင်ငံသို့ အီရန်သမ္မတတစ်ဦး ပထမဆုံးလာရောက်လည်ပတ်သည့် သမိုင်းဝင်ခရီးစဉ်ဖြစ်သည်။

ခရီးစဉ်မှာ ၁၉၈၀ပြည့်လွန်နှစ်များက စစ်ဖြစ်ပြီးနောက် အီရန်–အီရတ် ပုံမှန်ဆက်ဆံရေး စတင်သည့်လက္ခဏာ ဖြစ်သည်။

ထောက်ခံ

အီရန်သမ္မတအာမက်ဒီနီဂျက်၏ နှစ်ရက်ကြာ အီရတ်ခရီးမှာ အီရတ်နိုင်ငံမှ ရှီးယိုက်တို့ စိုးမိုးထားသည့် အီရတ်အစိုးရကို အီရန်က ထောက်ခံကြောင်း အခိုင်အမာပြသလိုက်ခြင်းလည်း ဖြစ်သည်။

တွေ့ဆုံ

ဧည့်သည်တော် အီရန်သမ္မတသည် အီရတ်သမ္မတနှင့် ဝန်ကြီးချုပ်တို့အား တွေ့ဆုံမည်ဖြစ်သည်။ အီရတ်သမ္မတနှင့် ဝန်ကြီးချုပ်တို့သည် အီရန်သို့ သွားရောက်လည်ပတ်ပြီး ဖြစ်သည်။

ဧည့်သည်တော် အီရန်သမ္မတ၏ ခရီးစဉ်အတွင်း အီရတ်က လုံခြုံရေးတင်းကျပ်ထားသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

ဂျော်နီဝါးကားကလပ်ဆစ် နယူးဇီလန်သား အနိုင်ရဖိုလ်စွဲ

ဆုဖလားဆွတ်ခူးသွားသည့် မတ်ဘရောင်း

နယူးဒေလီ မတ် ၃

အိန္ဒိယနိုင်ငံက ဂျော်နီဝါးကားကလပ်ဆစ်ဂေါက်သီးရိုက်အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ ကမ္ဘာ့ကျော် ဂေါက်သီးရိုက်အားကစားသမားများ ပါဝင်ကစားခဲ့သည်။

ယင်းဂေါက်သီးရိုက် အားကစားပြိုင်ပွဲတွင် နယူးဇီလန်မှ ဂေါက်သီးရိုက်အကျော်အမော် မတ်ဘရောင်းက နောက်ဆုံးနေ့ပြိုင်ပွဲ မတ်၂ရက်ပြိုင်ပွဲ၌ သတ်မှတ် ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ပြီး ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးသွားသည်။

ဘရောင်းသည် လေးရက်ကစားအပြီး သတ်မှတ်ရိုက်ချက်ထက် စုစုပေါင်း ၁၈ ချက် လျှော့ရိုက်နိုင်ခဲ့သည်။ ဂျပန်မှ ကီယိုတာ၊ ဩစတြေးလျမှ စကော့စထရိန်းနှင့် ဂရက်ချာလ်မားစ်တို့သည် စုစုပေါင်း ၁၅ ချက်စီးလျှော့ရိုက်ပြီး ဒုတိယဆုကို ခွဲဝေယူခဲ့ကြသည်။ **(အင်တာနက်)**

အင်္ဂလန်တိုက်စစ်မှူးဟောင်း ရှီရင်ဂမ် ဘောလုံးကစားခြင်းမှနားရန်ကြေညာ

လန်ဒန် မတ် ၃

အင်္ဂလန်တိုက်စစ်မှူးဟောင်း တက်ဒီရှီရင်ဂမ်က ယခုနှစ်ရာသီအကုန်တွင် ၎င်း၏ ၂၆နှစ်တာ ဘောလုံးကစားခြင်းကို အဆုံးသတ်စေမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

၄၂နှစ်

ရှီရင်ဂမ်သည် ဧပြီလတွင် အသက် ၄၂နှစ်ပြည့်မြောက်မည်ဖြစ်သည်။ ၎င်းသည် လက်ရှိ ကိုချက်စတာစီးတီးအသင်းတွင် ကစားလျက်ရှိသည်။ ၎င်းသည် ၁၉၉၃ခုနှစ်က ပိုလန်နှင့်အင်္ဂလန် အသင်းတို့ ပြိုင်ပွဲ၌ ပထမဆုံး အင်္ဂလန်အသင်းအတွက် ပါဝင်ကစားခဲ့သည်။

ရှီရင်ဂမ်သည် အင်္ဂလန်အသင်းအတွက် ပွဲပေါင်း ၅၁ပွဲပါဝင်ကစားပေးခဲ့ပြီး ဂိုးပေါင်း၁၁ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ ၎င်းသည် ၂၀၀၂ ခုနှစ်က ဘရာဇီးအသင်းနှင့် အင်္ဂလန်အသင်းတို့ ကစားသည့်ပြိုင်ပွဲအပြီး လက်ရွေးစင်ဘောလုံးသမားဘဝ အဖြစ်မှ အနားယူခဲ့သည်။

အနားယူတော့မည့် ရှီရင်ဂမ်။

တိုက်စစ်မှူး ရှီရင်ဂမ်သည် ၁၉၈၂ခုနှစ်က မီဝေါလ်ကလပ်၌ ၎င်း၏ကလပ်ကြေးစားဘောလုံးသမားဘဝကို စတင်ခဲ့ပြီးနောက် နော့တင်ဟမ် ဖောရက်စ်၊ တော့တင်ဟမ်၊ မန်ယူ၊ စပါး၊ ပို့စ်မောက်စ်၊ ဝက်စ်ဟမ်းနှင့် ကိုချက်စတာစီးတီး အသင်းတို့၌ ကစားခဲ့သူဖြစ်သည်။ **(အင်တာနက်)**

စပိန်လာလီဂါ ပွဲစဉ် (၂၆)အနိုင်အရှုံး(၂-၃-၂၀၀၈)

ဗယ်လာဒိုလစ်	၀ - ၁	ရေးဆင်း
လီဗန်တေး	၂ - ၁	ဇာရာဂိုဇာ
ဂီတာဖေး	၃ - ၃	မာယော့ကာ
ရီးရဲဘက်တစ်	၄ - ၀	မာစီယာ
ဗီလာရီးရဲ	၀ - ၀	အိုဆာဆူနာ
အယ်လ်မာရီယာ	၁ - ၁	ဘီလ်ဘာအို

(အင်တာနက်)

စီးရီးအေပွဲစဉ်(၂၆) အနိုင်အရှုံး (၂-၃-၂၀၀၈)

ကက်ဂလီယာရီ	၂ - ၁	ဂျီနိုအာ
ဂျူဗင်းတပ်စ်	၂ - ၃	ဖီအိုရင်တီးနား
အမ်ပိုလီ	၀ - ၂	ဆီနာ
ရက်ဂျီးနား	၀ - ၀	ပါလာမို
အူဒီးနိစ်	၂ - ၀	အတ္တလန္တာ
ဆမ်ဒိုးရီးယား	၂ - ၂	တိုရီနို
လီဗော်နို	၁ - ၀	ကာတာနီယာ
နာပိုလီ	၁ - ၀	အင်တာမီလန်

(အင်တာနက်)

မြင့်မောင်စိုး စုစည်းရေးသားသည်

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အကြို

ပြိုင်ပွဲဝင် နည်းပြအချို့ရဲ့ မှန့်ဟာစကားများ

လန်ဒန် မတ် ၃

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များ (ယနေ့)**ကစားတော့မှာဖြစ်တာမို့ ပြိုင်ပွဲဝင်အသင်းအချို့က နည်းပြတို့ရဲ့ ပွဲစဉ်အကြိုစကားတွေကို ဖော်ပြလိုက်ရပါတယ်။**

"ဒီပွဲသိပ်အရေးကြီးပါတယ်" ဖာဂူဆန်

အိမ်ကွင်းအိုးထရက်ဖို့ဒ်မှာ ကစားရမယ့်လိုင်ယွန်နဲ့ပွဲအပေါ် မန်ယူ နည်းပြ ဖာဂူဆန်က **"ဒီပွဲက သိပ် အရေးကြီးပါတယ်။ ကျွန်တော်တို့ အသာစီးရနိုင်တဲ့ အခွင့်အရေးရှိတာတော့ မှန်ပေမယ့်လိုင်ယွန်က အသင်းကောင်းတစ်သင်းပါ။ အမှန်အတိုင်း ပြောရရင် အဝေးကွင်းမှာ ကျွန်တော်တို့ကံကောင်းလို့ သရေပွဲဖြစ်ခဲ့ရတာမို့ ဒီပွဲမှာ ကျွန်တော်တို့ အလေးအနက်ထား ကစားရမယ့်လို့ ခံယူထားပါတယ်။ မန်ယူကစားသမားတွေအားလုံး ဒီပွဲကို ကစားဖို့ စိတ်ဓာတ်ရောကြံ့ခိုင်မှုပါ အသင့်ဖြစ်နေပါပြီ။ ကျွန်တော်တို့ အကောင်းဆုံးပြင်ဆင်ထားခဲ့တာမို့ ယုံကြည်မှုလည်းရှိနေပါတယ်"**လို့ ပြောကြားနေပါတယ်။ မန်ယူဟာအိမ်ကွင်းမှာလူစုံထုတ်ကစားမှာမို့ အမှားအယွင်းနည်းအောင်ကစားသွားမှာပါ။

ယုံကြည်

ဒီလိုပါပဲ အဝေးကွင်းမှာ အေစီမီလန်နဲ့ ကစားရမယ့် အာဆင်နယ် အသင်းနည်းပြ အာစင်ဝင်းဂါးကတော့ **"အေစီမီလန်ဟာ ချန်ပီယံလိဂ်မှာ အစဉ်အလာရှိတဲ့ အသင်းပါ။ ဒါပေမယ့် ကျွန်တော့်လူငယ်တွေက ချန်ပီယံလိဂ်မှာ အဆင့်မီမီကစားနိုင်တဲ့ ခြေ**

"အေစီမီလန်ဟာအကောင်းဆုံး ပြိုင်ဘက်ပါ" အာစင်ဝင်းဂါး

စွမ်းရှိတယ်ဆိုတာကတော့ ဒီပွဲမှာပြသနိုင်ပါလိမ့်မယ်၊ အိမ်ကွင်းရလဒ်က အားရစရာ မကောင်းပေမယ့် အဆုံးအဖြတ်ပေးမယ့်ဒီပွဲမှာတော့ ကျွန်တော်တို့ ရလဒ်ကောင်း ပိုင်ဆိုင်နိုင်မယ်လို့ ယုံကြည်ထားပါတယ်။ အေစီမီလန်ဟာ ကျွန်တော်တို့အတွက်တော့ အကောင်းဆုံး ချန်ပီယံလိဂ်ပြိုင်ဘက်လို့ သတ်မှတ်ထားပါတယ်။

ချန်ပီယံလိဂ်ပြိုင်ပွဲဝင် အသင်းတွေမှာ အေစီမီလန်ဟာ ဖလားကာကွယ်နိုင်တဲ့ အသင်းရဲ့ ခြေစွမ်းမျိုး ပိုင်ဆိုင်ထားတဲ့ အသင်းပါပဲ။ ဒါပေမယ့် ကျွန်တော့် လူငယ်တွေရဲ့ ကစားအားကို ကျွန်တော် ယုံကြည်ပါတယ်။ အာဆင်နယ်က အိမ်ကွင်း၊ အဝေးကွင်းမှာ အပြောင်းအလဲမရှိ ခြေစွမ်းမျိုးရှိနေတဲ့ အသင်းပါ"လို့ ပြောကြားနေပါတယ်။

သရေပွဲများ

ဂရိအသင်း အိုလံပီယာကို့စ်အသင်းကို အိမ်ကွင်းမှာဧည့်ခံကစားရမယ့်ချယ်လ်ဆီးနည်းပြဂရန့်ကတော့ **''ဒီပွဲနိုင်မှဖြစ်မှာမို့ နည်းနည်းလေးမှ အမှားအယွင်းမခံနိုင်ဘူးလို့ ကျွန်တော့်**

"အမှားအယွင်းခံလို့မရပါဘူး" ဂရန့်

လူတွေကိုမှာထားပြီးပါပြီ။ ချယ်လ်ဆီးဟာ သရေပွဲများနေတယ်ဆိုတဲ့ ဝေဖန်မှုတွေကိုလည်း ဒီပွဲမှာချေဖျက်ဖို့ကြိုးစားသွားမှာပါ။ အိုလံပီယာကို့စ်ဟာ ကစားရခက်တဲ့ အသင်းဖြစ်တယ်ဆိုတာ ဝန်ခံပါတယ်။ ဒါပေမယ့် ဒီပွဲကို ကျွန်တော်တို့ ကောင်းကောင်းကျော်ဖြတ်နိုင်ပါတယ်''ဟူ၍ ပြောကြားနေပါတယ်။

ဆဲလ်တစ်ကို ပထမအကျော့ အဝေးကွင်းမှာ သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ယူခဲ့တဲ့ ဘာစီလိုနာနည်းပြ ရစ်ကတ်ကမူ **"ဘာစီလိုနာက အိမ်ကွင်းမှာလည်း အနိုင်ရအောင် ကစားပြီး နောက်တစ်ဆင့်ကို သိက္ခာရှိရှိနဲ့ တက်လှမ်းမှာပါ။ ဘာစီလိုနာ တိုက်စစ်မှူးတွေဟာ အခုအချိန်မှာ ဂိုးသွင်းနိုင်တဲ့ အမြင့်ဆုံး စွမ်းရည်တွေ ပိုင်ဆိုင်နေပါပြီ။ နောက်တန်း အမှားလေးတွေ ပြင်ဆင်လိုက်ရင် ဆဲလ်တစ်ကို ကောင်းကောင်း ယှဉ်ပြိုင်နိုင်မှာပါ။ အိမ်ကွင်းမှာ ကျွန်တော်တို့ လိုချင်**

"နောက်တစ်ဆင့်တက်လှမ်းနိုင်မှာပါ" ဘာစီလိုနာနည်းပြ ရစ်ကတ်

တဲ့ ရလဒ်ထွက်အောင်တော့ ကြိုးစားရမှာပါပဲ" လို့ ပြောကြားထားကြပါတယ်။ ။

(ကိုးကား-အင်တာနက်)

မောင်မောင်မြင့်ဆွေ

မြန်မာ့အလင်း နိုင်ငံတကာ မှုခင်းဖြစ်ရပ်

အချစ်ကြီး ချစ်ခဲ့ပါသော်လည်း....

ဆမ်းမားဆက်စီရင်စုမြို့သည် အင်္ဂလန်နိုင်ငံအနောက်တောင်ပိုင်းရှိ လူဦးရေခြောက်သိန်းနီးပါးနေထိုင်သော စီရင်စုမြို့ဖြစ်သည်။ ယင်းမြို့ရှိ ကလီဗီဒန်အရပ်တွင် ခရစ္စတီယန်ပတ်တော့ခ်နှင့် လီဆာပတ်တော့ခ်တို့ဇနီးမောင်နှံ နေထိုင်ကြသည်။ သူတို့ဇနီးမောင်နှံနေထိုင်သောအိမ်သည် ပေါင်၂၀၀၀၀၀တန်ပြီး ခင်ပွန်းခရစ္စတီယန်၏ အလုပ်ကြိုးစားမှုရလဒ်ပင်ဖြစ်သည်။

ခရစ္စတီယန်နှင့် လီဆာတို့သည် လွန်ခဲ့သော၂၂နှစ်ဖြစ်သည့် သူတို့အသက် ၂၂နှစ်အရွယ်က တစ်ခါမျှမတွေ့ဆုံဖူးဘဲ မြင်မြင်ချင်း ချစ်ကြိုက်ခဲ့ကြပြီး အတူနေထိုင်ခဲ့ကြသည်။ ဖူးစာဟုပင်ဆိုရပေမည်။ သူတို့နှစ်ဦး၏ တစ်ဦးအပေါ်တစ်ဦး ချစ်ခင်စုံမက်မြတ်နိုးမှုမှာ ခိုင်မြဲလွန်းပြီး သစ္စာခိုင်ကျည်မှုမှာ စံပြမောင်နှံသဖွယ် ဖြစ်ခဲ့သည်။ သူတို့နှစ်ဦး ၂၀၀၄ ခုနှစ်တွင် လက်ထပ်ခဲ့ကြသည်။ ခရစ္စတီယန်သည် အလုပ်ကြိုးစားသူဖြစ်သကဲ့သို့ ဇနီးအပေါ်သစ္စာရှိပြီး သားသမီးများအပေါ်တွင် သံယောဇဉ်ကြီးမားလွန်းသူတစ်ဦးဖြစ်သည်။

၂၀၀၆ခုနှစ်တွင် ခရစ္စတီယန်သည် ဩစတြေးလျနိုင်ငံအရှေ့မြောက်ပိုင်း ကွီးစ်လန်းပြည်နယ်ရှိ ဆိပ်ကမ်းတစ်ခုတွင် ရေကြောင်းထိန်းအရာရှိတစ်ဦးအဖြစ် အလုပ်ရရှိခဲ့သည်။ ခရစ္စတီယန်သည် တာဝန်ကျရာတွင် ရက်ရှည်လများ လုပ်ကိုင်ရသော်လည်း အားလပ်၍ အချိန်ရသည့်အခါတိုင်း ဇနီးနှင့်သားသမီးများထံ အမြဲပြန်လာပြီး မိသားစုကို နွေးထွေးကြင်နာမှုအပြည့် ပေးလေ့ရှိသော ခင်ပွန်းကောင်း၊ ဖခင်ကောင်းတစ်ဦးဖြစ်သည်။

ခရစ္စတီယန် ပတ်တော့ခ် (ယာ) **နှင့် လီဆာ ပတ်တော့ခ် တို့ လက်ထပ်ခဲ့စဉ်က။**

ခရစ္စတီယန်သည် ဇနီးသည်အား ခင်တွယ်သူဖြစ်သည့်အလျောက် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပသည့် လီဆာ၏ (၃၄)နှစ်မြောက် မွေးနေ့ပွဲသို့ ရပ်ဝေးမြေခြားတွင် နှစ်ရှည်လများ အလုပ်လုပ်ကိုင်နေရာမှ အမြန်ပြန်ရောက်လာခဲ့သည်။ ထိုသို့ ပြန်ရောက်လာခဲ့ခြင်းသည်ပင် ဇနီးနှင့် သားသမီးများအား နောက်ဆုံးလာရောက်တွေ့ဆုံခြင်း ပုံစံမျိုးဖြစ်ပေါ်ခဲ့သည်။

ယင်းနေ့ ညနေပိုင်း ၄ နာရီခန့်တွင် ဩစတြေးလျမှ နေအိမ်သို့ ပြန်ရောက်လာသူ ခရစ္စတီယန်ကို လူတစ်ဦးက ဓားဖြင့်ထိုးခဲ့သည်။ ရင်ညွန့်ကိုအထိုးခံရခြင်းဖြစ်သဖြင့် လဲကျသွားသူ ခရစ္စတီယန်ကို အိမ်နီးချင်းက အလျင်အမြန် ပြေးပွေ့ခဲ့သည်။ ထို့နောက် ယင်းအိမ်နီးချင်းက သူ့အား အိမ်တွင်းသို့ဆွဲခေါ်ခဲ့ကာ ပြုစုနေစဉ် သူ၏မိသားစုကို ၎င်း၏ အိမ်သို့ပို့ထားပြီး ခေတ္တနေထိုင်စေခဲ့သည်။ အဆိုပါ အိမ်နီးချင်းသည် ခရစ္စတီယန်ကို ဘရစ္စတိုလ်ဆေးရုံသို့ ပို့ဆောင်ကုသခဲ့သော်လည်း ရရှိသောဒဏ်ရာဖြင့်ပင် သေဆုံးခဲ့သည်။

ခရစ္စတီယန်သေဆုံးချိန်တွင် သူ့၌ အသက် ၁၁နှစ်ရှိ သားအကြီး မက်သရူး၊ အသက် ကိုးနှစ်ရှိ သားအလတ် ဆီအန်နှင့် ၁၇ရက်သာရှိသေးသော မွေးကင်းစ သမီးလေး အီမီတို့ ကျန်ရစ်ခဲ့ကြသည်။ ခရစ္စတီယန်သည် စိတ်သဘောထားပြည့်ဝပြီး ပေါင်းသင်းဆက်ဆံရေး ကောင်းသူတစ်ဦးဖြစ်သော်လည်း ကံကြမ္မာကြောင့် ဇနီးသားသမီးများနှင့် ဘဝတစ်သက်တာဝေးခဲ့ရသည်။ ခရစ္စတီယန်အား ဓားဖြင့်ထိုးခဲ့သူ အသက် ၃၅နှစ်အရွယ်ရှိ ဒေးဗစ်ဘရောင်းသည် ခရစ္စတီယန်နေသည့် အရပ်တွင်ပင် နေထိုင်သူဖြစ်ပြီး ရဲအဖွဲ့ထံ ကိုယ်တိုင်လာရောက် အဖမ်းခံခဲ့သည်။

ဒေးဗစ်ဘရောင်း၏ မိုက်မဲမှုကြောင့် ခရစ္စတီယန်ပတ်တော့ခ်နှင့် လီဆာပတ်တော့ခ်တို့ အချစ်ကြီးချစ်ခဲ့ပါသော်လည်း သေကွဲခွဲခဲ့ရပြီး ဝေးခဲ့ရကာ ပြစ်မှုကျူးလွန်သူ ဒေးဗစ်ဘရောင်းမှာမူ တရားရုံးကပေးလာမည့် ပြစ်ဒဏ်ကို စောင့်မျှော်နေရုံမှတစ်ပါး။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ဘဝဒဿန အမြင်

■ ***Look twice before you leap.***

ပွဲမဝင်ခင် အပြင်က ကျင်းပ။

ချားလော့တီ ဘရွန်တီ(အင်္ဂလိပ်စာရေးဆရာ)

■ ***Self first in every cause.***

နေရာတိုင်းတွင် အတ္တကို ရှေ့တန်းတင်တတ်သည်မှာ လူ၏ သဘာဝဖြစ်သည်။

သောမတ်စ်ချက်တာတန် (အင်္ဂလိပ် ကဗျာဆရာ)

ပင်မလေးထပ်ဆောင် ဖွင့်လှစ်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြိတ်တက္ကသိုလ်၏ ပင်မ လေးထပ်ဆောင် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

တစ်ယူသန်လူမျိုးရေး၊ ဝါဒရေးအစွဲအလမ်းများ ပြန်လည်ခေါင်းထောင်မလာအောင် ဆင်ခြင်တုံတရားလက်ကိုင်ထားပြီး ပညာဉာဏ်စွမ်းအားဖြင့် တားဆီးကာကွယ်

● ရွှေဖုံးမှ

ရှေးဦးစွာ မြိတ်တက္ကသိုလ်၏ ပင်မလေးထပ်ဆောင်ကို မြိတ်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပင်မလေးထပ်ဆောင် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် သစ်ပင်များကို စိုက်ပျိုးပေးရာ နိုင်ငံတော်ဝန်ကြီးချုပ်က ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဒုတိယဝန်ကြီးများက ကံ့ကော်ပင်နှင့် ခရေပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ပင်မလေးထပ်ဆောင်ရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြိတ်တက္ကသိုလ်၏ ပင်မလေးထပ်ဆောင် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

နေ့ထူးနေ့မြတ်

ယင်းနောက် ပင်မလေးထပ်ဆောင် အစည်းအဝေးခန်းမကြီး၌ ဖွင့်ပွဲအစီအစဉ်များကိုကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြား၍ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထိန်းသိမ်းကာကွယ်မှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုတို့တွင် တပ်မတော်နှင့် ပြည်သူ ခွဲခြားမရအောင် တစ်သားတည်းဖြစ်တည်နေမှု၏ သမိုင်းမော်ကွန်းမှတ်တိုင်များကို ထင်ဟပ်ဖော်ပြနေသည့် (၆၃)နှစ်မြောက် တပ်မတော်နေ့ အကြိုကာလတွင် တပ်မတော် နေ့ထူးနေ့မြတ်ကြီးကိုဂုဏ်ပြုသောအားဖြင့် မြိတ်တက္ကသိုလ်၏ လေးထပ်ပင်မဆောင်အဆောက်အအုံသစ်ကြီးကို ဖွင့်လှစ်ရသည့်အတွက် အလွန်ပင်ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှသည့် အခါသမယပင် ဖြစ်ပါကြောင်း။

ယနေ့ မြိတ်တက္ကသိုလ်တွင် ခေတ်မီစာသင်ခန်း ၇၀ကျော်နှင့်တကွ ခန်းမကြီးများ၊ အဆင့်မြင့်စာကြည့်တိုက်နှင့် e-Learning Centre များပါဝင်သော ဤလေးထပ်ပင်မအဆောက်အအုံကြီး ပေါ်ထွန်းလာခြင်းသည် ဒေသအတွင်း ဖြစ်ထွန်းနေပြီဖြစ်သည့် အဆင့်မြင့်ပညာသင်ယူနိုင်ခွင့် အခွင့်အလမ်းကောင်းများကို ပညာရည် အရည်အသွေးကောင်းများဖြစ်လာအောင် မြှင့်တင်ပေးနိုင်မည့် အခြေခံကောင်းတစ်ရပ် တိုးပွားဖြစ်ထွန်းလာခြင်းပင်ဖြစ်ကြောင်း။

အကျိုးရလဒ်ကောင်းများ

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းဒေသအားလုံး တညီတညွတ်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် မြိတ်ဒေသသည်လည်း တခြားသောဒေသများနည်းတူ ယှဉ်တွဲလိုက်ပါ ဖွံ့ဖြိုးတိုးတက်နေမှုကို ယခုကဲ့သို့ အကျိုးရလဒ်ကောင်းများက တစ်ဆင့် မျက်ဝါးထင်ထင် တွေ့မြင်နေရခြင်းလည်းဖြစ်ကြောင်း။

မြိတ်ဒေသအပါအဝင် တနင်္သာရီဒေသတစ်ခုလုံးသည် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်သည့်အပြင် ရေမြေသယံဇာတ သဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝလှသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု အလားအလာ လွန်စွာမှကောင်းမွန်လှသော ဒေသတစ်ခုလည်း ဖြစ်ကြောင်း။

ပထမဆုံး

သို့သော်လည်း သမိုင်းကြောင်းကိုပြန်ကြည့်လျှင် တနင်္သာရီဒေသသည် မြန်မာနိုင်ငံ သူ့ကျွန်ဘဝ သက်ဆင်းရချိန်တွင် ပထမဦးဆုံး တိုင်းတစ်ပါးလက်အောက် ကျရောက်သွားရသည့်ဒေသဖြစ်ခဲ့ကြောင်း၊ တိုင်းတစ်ပါးနယ်ချဲ့တို့သည် တနင်္သာရီဒေသ၏ သဘာဝသယံဇာတ အရင်းအမြစ်များကိုသာ နှစ်ပရိစ္ဆေဒများစွာ အမြတ်ထုတ်အသုံးချခဲ့ပြီး ဒေသ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လျစ်လျူရှုခဲ့ကြသည်ကို တွေ့ရကြောင်း၊ နိုင်ငံလွတ်လပ်ရေးရပြီးနောက်တွင်လည်း တစ်ယူသန်လူမျိုးစွဲ၊ အယူဝါဒစွဲများကြောင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုကင်းမဲ့ခဲ့သည့်အတွက် ဒေသဖွံ့ဖြိုးရေး အလားအလာကောင်းများသည် ခေတ်အဆက်ဆက် မှေးမှိန်ခဲ့ရခြင်း ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် ဤသမိုင်းကြွေးများကို ဖြေဖျောက်ပေးဆပ်နိုင်စေရန် တနင်္သာရီဒေသတစ်ခုလုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရအောင် ထားဝယ်ဒေသနှင့် မြိတ်ဒေသတို့ကို ဖွံ့ဖြိုးရေးအထူးဒေသကြီးများအဖြစ် သတ်မှတ်ပြီး ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ထို့အပြင် တနင်္သာရီဒေသသည် အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်နေသည့် နယ်စပ်ဒေသ ဖြစ်သည်နှင့်အညီ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားကုန်သွယ်ရေး၊ လေကြောင်းနှင့်ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးကဏ္ဍများကိုပါ နိုင်ငံတော်အစိုးရအနေဖြင့် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် ယခုဆိုလျှင် တနင်္သာရီဒေသသည် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍတွင် နိုင်ငံ၏တောင်ဘက်အစွန်အဖျား ကော့သောင်းမြို့ကစတင်ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းတို့နှင့် ပြည်ထောင်စုလမ်းမကြီးများ၊ မြစ်ကူးတံတားကြီးများ၊ ရထားလမ်းများနှင့် တစ်ဆက်တစ်စပ်တည်း ဆက်သွယ်မိနေပြီဖြစ်သည့်အပြင် ကော့သောင်း၊ ဘုတ်ပြင်း၊ မြိတ်နှင့် ထားဝယ် လေယာဉ်ကွင်းများသည်လည်း လေယာဉ်ကြီးများ ဆင်းတက်နိုင်သည့် အဆင့်အထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

အောင်မြင်ဖြစ်ထွန်း

အလားတူပင် ကော့သောင်းနှင့် မြိတ်တို့၌ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နိုင်သည့်အခြေအနေကို ရောက်ရှိနေပြီဖြစ်ခြင်းကြောင့် တိုးတက်ဖြစ်ထွန်းလာသည့် လမ်းပန်းဆက်သွယ်ရေးအခြေခံကောင်းများသည် ဒေသအတွင်း နယ်စပ်ကုန်သွယ်ရေးနှင့် ပုံမှန်ကုန်သွယ်ရေးလုပ်ငန်းများကိုပါ အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းစေလျက်ရှိကြောင်း။

အလားအလာကောင်းများ

ယနေ့ဆိုလျှင် တနင်္သာရီတိုင်းဒေသကြီးတစ်ခွင်လုံးသည် ပုဂ္ဂလိကကဏ္ဍ၏ ဆီအုန်းစိုက်ပျိုးရေး၊ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းကြီးများ၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ၊ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ၊ ပင်လယ်ငါးဖမ်းလုပ်ငန်းများ၊ ပုလဲထုတ်လုပ်ရေးလုပ်ငန်းများ၊ စက်မှု၊ သစ်တောနှင့် ဓာတ်သတ္တုထုတ်လုပ်ရေးလုပ်ငန်းများ၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ စသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်း၊ အလားအလာကောင်းများသည် အစီအရီ တိုးပွားဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

အကောင်အထည်ပေါ်ဖြစ်ထွန်း

ဤကဲ့သို့ တိုးပွားဖြစ်ထွန်းလာနေသည့် လမ်းပန်းဆက်သွယ်ရေးနှင့်တကွ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံကောင်းများ ဆက်စပ်ပေါင်းစည်းပြီး ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းစေလျက်ရှိသည့် တစ်ချိန်တည်းမှာပင် ဤဖွံ့ဖြိုးတိုးတက်မှုများကို သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးနိုင်စေရေးအတွက် တည်ဆောက်ဖန်တီးပေးလျက်ရှိသည့် ပညာရေးအခြေခံကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေခံကောင်းများသည်လည်း ဆက်တိုက်အကောင်အထည်ပေါ် ဖြစ်ထွန်းလျက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြိတ်တက္ကသိုလ်၏ ပင်မလေးထပ်ဆောင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်စဉ်နှင့် မြိတ်တက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ မြိတ်တက္ကသိုလ်၏ ပင်မလေးထပ်ဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ယနေ့ နိုင်ငံတကာကိုကြည့်လျှင် သိပ္ပံနှင့်နည်းပညာရပ်များ၏ တစ်ရှိန်ထိုး တိုးတက်ပြောင်းလဲမှုများ၊ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ တိုးတက်မှုများသည် တစ်ကမ္ဘာလုံးကို လွှမ်းခြုံစိုးမိုးလာပြီး ကမ္ဘာ့နိုင်ငံအသီးသီးနှင့် လူ့အဖွဲ့အစည်းများ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေး စသည့်ကဏ္ဍများအားလုံးကို အရှိန်အဟုန်ကြီးမားသည့် သက်ရောက်မှုများ ဖြစ်ပေါ်စေလျက်ရှိသည့်အတွက် နိုင်ငံတိုင်း၊ နိုင်ငံတိုင်းသည် ပညာရေးမြှင့်တင်မှုအစီအမံများကို အလေးထားဆောင်ရွက်နေရသည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ဖန်တီးဖော်ဆောင်

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာတွင် တိုးတက်ဖြစ်ထွန်းနေသည့် သိပ္ပံနှင့်နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ လေ့လာသင်ယူနိုင်ပြီး ပညာရည်အရည်အသွေး မြင့်မားသည့်အပြင် အစဉ်ရှင်သန်ဖွံ့ဖြိုးနေသည့် ပညာရေးစနစ်တစ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးရင်း နိုင်ငံတော်၏ ဒေသအသီးသီး၌ ပညာရေးအခွင့်အလမ်းကောင်းများ၊ အဆင့်မြင့်ပညာ သင်ကြားသင်ယူမှု အရည်အသွေး တစ်ပြေးညီဖြစ်ထွန်းစေမည့် ပညာရေးအခြေခံကောင်းများကို ဖြန့်ကြက်ဖြစ်ထွန်းနေစေရအောင် စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံအတွင်း အသိပညာရှင်၊ အတတ်ပညာရှင်များ လုံလုံလောက်လောက် မွေးထုတ်ထားနိုင်မှသာ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ၏စွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

အဓိကလိုအပ်ချက်

အလားတူပင် အစဉ်ထာဝရ တည်ငြိမ်အေးချမ်းသာယာပြီး စည်းလုံးညီညွတ်ခိုင်မြဲသည့် ပြည်ထောင်စုကြီး ဖြစ်ထွန်းစေရေးရည်မှန်းချက်များဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်သစ် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်အကောင်အထည် ပေါ်လာစေရေးတွင်လည်း တိုင်းရင်းသားပြည်သူများ၏ ပညာရည်မြင့်မားမှုစွမ်းအားသည် အဓိကလိုအပ်ချက်တစ်ရပ်အဖြစ် ပါဝင်လျက်ရှိကြောင်း။

နိုင်ငံတော်သစ်သို့ သိမ်မွေ့ညင်သာစွာ ကူးပြောင်းတက်လှမ်းနိုင်ရေး လုပ်ငန်းစဉ်များကို အနှောင့်အယှက် အဟန့်အတားအဖုံဖုံ၊ သွေးထိုးလှုံ့ဆော်မှု၊ ဖြားယောင်းသွေးဆောင်မှု၊ အကြမ်းဖက်ဖျက်ဆီးမှုစသည့် အဖျက်အမှောင့် နည်းလမ်းအမျိုးမျိုးကြားကနေ ရင်ဆိုင်ဖြတ်သန်းရင်း အောင်အောင်မြင်မြင် အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေဖို့ဆိုရာတွင် တိုင်းရင်းသားပြည်သူများ အားလုံးက အခြေအနေ အချိန်အခါအရပ်ရပ်၌ အမျိုးသားရေးအတွက် အမှန် အမှား၊ အဆိုး အကောင်းတို့ကို ပညာဉာဏ်ဖြင့် ဆန်းစစ်ပိုင်းခြား ဆုံးဖြတ်နိုင်ရန် အလွန်အရေးကြီးကြောင်း။

အဆင့်အတန်းမီ

ဒေသအတွင်း ပြည်သူများ၏ ပညာရည်မြင့်မားမှု၊ တွေးခေါ်မြော်မြင် ဆင်ခြင်တုံတရားနှင့်ပြည့်စုံမှု၊ ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ၊ အဆင့်အတန်းမီ ဖွံ့ဖြိုးတိုးတက်မှုစသည့် စွမ်းအားကောင်းများ ဖြစ်ထွန်းနေစေကာမူ တည်ငြိမ် အေးချမ်းပြီး စည်းလုံးညီညွတ်သည့် နိုင်ငံကြီးအဖြစ် ထိန်းသိမ်းစောင့်ရှောက် နိုင်စေရေးအတွက် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ တိုင်းရင်းသားပြည်သူအားလုံး၌ ပြည့်စုံစေရန်လိုအပ်ကြောင်း။

အထူးသဖြင့် တနင်္သာရီဒေသတစ်ခွင်လုံး နယ်စပ်အစွန်အဖျားဒေသများပါ မကျန် တည်ငြိမ်အေးချမ်းသာယာရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ပေးရင်း မှားယွင်းသည့် တစ်ယူသန်လူမျိုးရေး၊ ဝါဒရေး အစွဲအလမ်းများ ပြန်လည် ခေါင်းထောင် မလာစေရအောင် ဆင်ခြင်တုံတရား လက်ကိုင်ထားပြီး ပညာဉာဏ် စွမ်းအားဖြင့် တားဆီးကာကွယ်နိုင်ရန်လိုကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

ဤစိတ်ဓာတ်ကောင်း၊ စွမ်းအားကောင်းများကို အခြေခံပြီး ဒေသတည်ငြိမ် အေးချမ်းရန် စွမ်းအားရှိသရွေ့၊ အခွင့်အလမ်းရှိသရွေ့ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူများအားလုံးက ဝိုင်းဝန်းကြိုးပမ်းမြှင့်တင်ကြရန် တိုက်တွန်းပြောကြားလို ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ တရားဥပဒေစိုးမိုးအောင်၊ စီးပွား ကုန်သွယ်မှုနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဥပဒေစည်းမျဉ်း၊ စည်းကမ်းဖြင့် ညီညွတ်စွာတိုးတက်စည်ပင်စေရအောင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအား၊ အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်စွမ်းအား၊ အမျိုးသားပညာရည် မြင့်မားမှုစွမ်းအားတို့ဖြင့် စောင့်ရှောက်မြှင့်တင်ပေးကြပါဟု တိုက်တွန်းကြောင်း ဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းဆွေ က မြိတ်တက္ကသိုလ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြိတ်တက္ကသိုလ် မဟာသိပ္ပံပထမနှစ် ရူပဗေဒအထူးပြုကျောင်းသူ မအိဖြူမျိုးက ခမ်းနားထည်ဝါ လှပသစ်လွင်သည့် ပင်မလေးထပ်ဆောင် တည်ဆောက်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကားနှင့် ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် မြိတ်တက္ကသိုလ်၏ ပင်မလေးထပ်ဆောင်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ယုဇနဆောက်လုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဌေးမြင့်က မြိတ် တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းဆွေအား လွှဲပြောင်းပေးအပ် သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ သီရိသုဓမ္မ မဏိဇောတဓရ လူမှုထူးချွန်(ပထမဆင့်)ဦးဌေးမြင့်(ယုဇနကုမ္ပဏီ)က လှူဒါန်းသည့် မြိတ်တက္ကသိုလ်၌အသုံးပြုရန် ဓာတ်လှေကား၊ မီးစက်၊ ကွန်ပျူတာ၊ ကျောင်းသုံးပစ္စည်းမျိုးစုံ၂၂မျိုးတို့အတွက် လှူဒါန်းငွေကျပ် သိန်း၁၀၂၀တို့ကို လည်းကောင်း၊ ပညာရေးငွေပဒေသာပင်အတွက် အလှူရှင်ဦးဝင်းမြင့်၏ လှူဒါန်းငွေ ကျပ်သိန်း၁၀၀နှင့် အလှူရှင်ဦးကျင်တိုး၏ လှူဒါန်းငွေ ကျပ်သိန်း၁၀၀တို့ကို လည်းကောင်း လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးညွန့်ထံ မြိတ် တက္ကသိုလ် ပညာရေးငွေပဒေသာပင်အတွက် အလှူရှင် ဒေါက်တာမြတ်လှိုင်နှင့် ဒေါ်မြတ်မြတ်မွန်တို့က ငွေကျပ်သိန်း၅၀စီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးထံ ဦးဌေးမြင့်(ယုဇနကုမ္ပဏီ)က နည်းပညာတက္ကသိုလ်(မြိတ်)နှင့် ကွန်ပျူတာ တက္ကသိုလ်(မြိတ်)တို့၌ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေ ရန် အလှူငွေကျပ် သိန်း၅၀၀စီကို ပေးအပ်လှူဒါန်းသည်။

လက်မှတ်ရေးထိုး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြိတ်တက္ကသိုလ် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြိတ် တက္ကသိုလ်၏ အဏ္ဏဝါသိပ္ပံပြခန်းကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ မြိတ်မြို့ရှိ ရေလုပ်ငန်းကုမ္ပဏီများက ကုမ္ပဏီအလိုက် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် Computer Training Centre နှင့် Language Lab တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တက္ကသိုလ်စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကြရာ ဒုတိယ ဝန်ကြီး ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ ပြုစု ထားသည့် ပါရဂူဘွဲ့(သိပ္ပံ)ကျမ်းများ၊ ပါရဂူဘွဲ့(ဝိဇ္ဇာ)ကျမ်းများ၊ သုတေသန ကျမ်းများ၊ ဒေသဖွံ့ဖြိုးရေးသုတေသနကျမ်းများနှင့် စာအုပ်စာတမ်းများကို ရှင်းလင်းပြသကြသည်။

သင်ကြားပို့ချ

မြိတ်တက္ကသိုလ်ကို ၁၉၉၉ခုနှစ်တွင် မြိတ်ကောလိပ်အဖြစ် စတင်ဖွင့်လှစ် ခဲ့သည်။ ဒီဂရီကောလိပ်အဖြစ် ၂၀၀၁ခုနှစ်တွင် အဆင့်မြှင့်ခဲ့ပြီး တက္ကသိုလ် အဖြစ် ၂၀၀၃ခုနှစ်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ မြိတ်တက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများအား အထူးပြုဘာသာရပ် ၁၃ မျိုးဖြင့် သင်ကြားပို့ချပေးလျက် ရှိသည်။

အဘိဓမ္မာသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၃

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်တွင် လူပုဂ္ဂိုလ်များဆိုင်ရာ အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်ပုံမှန်သင်တန်းများကို မတ်၈ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင်လည်းကောင်း၊ အဘိဓမ္မာသင်တန်းကို ဧပြီ၁၉ရက် မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း အပတ်စဉ်(စနေ၊ တနင်္ဂနွေနေ့)တိုင်း ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာအင်ဂျင်နီယာအသင်း Highway Seminar စာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူး၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် Infrastructure Development Institute, Japan တို့ ပူးပေါင်းကျင်းပမည့် စာတမ်းဖတ်ပွဲကို မတ် ၇ရက်(သောကြာနေ့) နံနက် ၉နာရီခွဲတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ တက္ကသိုလ်များ(လှိုင်နယ်မြေ) လှိုင်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် အမြန်လမ်းမကြီးများ နည်းပညာနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဂျပန်ပညာရှင်လေးဦးက Disaster Preparedness၊ Traffic Safety၊ Slope Protection၊ Pavement Engineering စာတမ်းများကို အသီးသီး ဖတ်ကြားကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၁-၅၁၉၆၇၆ သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ၂၉ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် နေပြည်တော် ပျဉ်းမနားမြို့နယ် မိုးစွေကျေးရွာအနီး ငလိုက်ကြိုးဝိုင်းအကွက်(၁၈)၌ တည်ထောင်ထားသော ၂၀၀၇-၂၀၀၈ခုနှစ် ကျွန်းစိုက်ခင်း ဧက၉၅၀သို့လည်းကောင်း၊ နေပြည်တော်တပ်ကုန်းမြို့နယ် လဲဝင်းကျေးရွာအနီး ငလိုက်ကြိုးဝိုင်းအကွက်(၉/၂၅)အတွင်း တည်ထောင်ထားသော ၂၀၀၇-၂၀၀၈ခုနှစ် ကျွန်းစိုက်ခင်းဧက ၁၀၀၀သို့လည်းကောင်း ရောက်ရှိကြည့်ရှုစစ်ဆေးပြီး အပင်များ ရှင်သန်မှုကောင်းမွန်စေရန်၊ စိုက်ခင်းများထိန်းသိမ်းခြင်းနှင့်အတူ တရားမဝင်သစ် ဖမ်းဆီးရေးကိုပါ ဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ်၁ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ အင်္ဂပူမြို့နယ် ဘုရားငုတ္တိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်္ဂပူမြို့နယ် တောင်ပေါ်ကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အလှူငွေပေးအပ်

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့နယ် ညောင်ပင်ကြီးကွင်း အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ပညာရေးပဒေသာပင်အတွက် အလှူငွေ အသီးသီးပေးအပ်ကြသည်။

တက်ရောက်

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ပျိုးကုန်းကျေးရွာအခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခမောင်းကျွန်းရေလယ်ကျွန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် အင်္ဂပူမြို့နယ် ဘုရားငုတ္တိုကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

မလွန်ဈေးဆန်လှူအသင်းကြီးသို့ ငွေနှင့်ဆွမ်းဆန်တော်များလှူဒါန်း

ရန်ကုန် မတ် ၃

မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီး၏ နယ်လှည့်ဓမ္မကထိက သစ္စာဝါဒီဆရာတော် ဦးတေဇနိယ၊ အလုပ်အမှုဆောင် ဦးထွန်းအောင်ကျော်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၆ရက်အထိ ရခိုင်ပြည်နယ် မလွန်ဈေးဆန်လှူသင်းထောက် လူကြီးများထံသို့ အလှူခံထွက်ရာ ဆွမ်းဆန်တော် အလှူငွေကျပ် ငါးသိန်းကျော်နှင့် ဆွမ်းဆန်တော်တင်းပေါင်း ငါးရာကျော်တို့ အလှူခံရရှိသည်။

အသင်းကြီး၏ (၁၁၂)ကြိမ်မြောက် အလှူခံရရှိသည့် မဟာသံဃိကတဏ္ဍုလ ဆွမ်းဆန်တော်များကို စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးနှင့် မန္တလေးငါးမြို့နယ်ရှိ ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင်တို့အား ဆွမ်းဆန်တော်များကို ကြိုတင်လှူဒါန်းနေပါ၍ နယ်သင်းထောက်များမှ ဆွမ်းဆန်တော်များကို အသင်းကြီးသို့ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၃-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	'ဗာလနက္ခတ္တဝတ္ထု' တရားတော် [အရှင်ဥတ္တရ(ကျိုက်ဒေးယျုံဆရာတော်)]
၇:၅၀ - ၁:၅၀	ရေပျော်ငှက်၏ တောင်ပံခတ်သံ
၈:၁၀ - ၂:၁၀	တေးဂီတအစီအစဉ်
၈:၁၅ - ၂:၁၅	Sunday Talk
၉:၀၅ - ၃:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅ - ၃:၁၅	ကြည်နူးချမ်းမြေ့ တရားအရိပ် (၁၀၈)တောင် ဓမ္မဒူတ တရားစခန်း
၉:၂၅ - ၃:၂၅	တေးဂီတအစီအစဉ်
၉:၃၀ - ၃:၃၀	ဝိပရိဏာမဒုက္ခ(အပိုင်း-၂) (ဆရာကြီးဦးဌေးအောင်)
၁၀:၀၅ - ၄:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀ - ၄:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅ - ၄:၁၅	ပြည်ပဝင်ငွေတိုးစေဖို့ သားငါးကဏ္ဍမြှင့်တင်စို့
၁၀:၃၀ - ၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅ - ၄:၃၅	မိုးလေဝသခန့်မှန်းချက်
၁၀:၄၀ - ၄:၄၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (အမည်မဖော်လိုသူအချစ်)
၁၁:၀၀ - ၅:၀၀	တေးဂီတအစီအစဉ်
၁၁:၁၅ - ၅:၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၅ - ၅:၂၅	ထန်းပင်မှဖြစ်သည့် အနုပညာ(ထန်းပန်းချီ)
၁၁:၃၅ - ၅:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀ - ၅:၄၀	Biz Net
၁၁:၅၅ - ၅:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၀ - ၆:၀၀	တေးဂီတအစီအစဉ်
၁၂:၀၅ - ၆:၀၅	ပါဝင်ဆင်နွှဲ ပြင်ဦးလွင်မှ ရွှေရတုဂေါက်သီးရိုက်ပြိုင်ပွဲ
၁၂:၂၅ - ၆:၂၅	Music Gallery (ရင်ခုန်နှုန်း ၁၄)
၁၂:၄၅ - ၆:၄၅	အနာဂတ်ရဲ့အိုအေစစ်များ
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၃၀	Man Utd-Lyonnais	Star Sport (Live)
၂:၀၀	AC Milan - Arsenal	ESPN(Live))
၄:၃၀	Sevilla-Fenerbache	ESPN(SDD)

ယနေ့ဖွင့်လှစ်သည့် မြိတ်တက္ကသိုလ်ပင်မလေးထပ်ဆောင်မှာ အလျား ၃၈၅ပေ၊ အနံ၂၈၁ပေရှိသည့် သံကူကွန်ကရစ်အဆောက်အအုံဖြစ်သည်။ စာသင်ခန်း ၆၉ ခန်း၊ အစည်းအဝေးခန်း တစ်ခန်း၊ စာကြည့်တိုက်တစ်ခန်း၊ ရုံးခန်း သုံးခန်း၊ Computer Room တစ်ခန်း၊ e-Learning Centre တစ်ခန်း၊ Language Lab တစ်ခန်း၊ လူ၁၂၀၀ဆံ့ အစည်းအဝေးခန်းမကြီးတစ်ခန်း၊ အဏ္ဏဝါဗေဒပြခန်းများတစ်ခန်းတို့ဖြင့် စနစ်တကျ သပ်ရပ်ခံ့ညားစွာ ဖွဲ့စည်း တည်ဆောက်ထားသည့် အဆောက်အအုံသစ်ကြီးဖြစ်သည်။ **(သတင်းစဉ်)**

နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း (၁၄)ကြိမ်မြောက် ကျန်းမာရေးခရီးစဉ်

ရန်ကုန် မတ် ၃

တနင်္သာရီတိုင်း ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ကနက်သီရိကျေးရွာ၏ ဒေသခံ အလှူရှင်များဖြစ်သည့် ဦးဌေးမြင့်မောင်-ဒေါ်ခင်မာချို၊ ဦးအောင်နိုင်-ဒေါ်ခန့်ခန့်ထွန်း၊ ဦးမောင်ငယ်-ဒေါ်ကြည်ကြည်စန်းတို့ ဦးဆောင်သော ဒေသခံပြည်သူတို့၏ ဖိတ်ကြားချက်အရ ပြည်သူ့အကျိုးပြု ကျန်းမာရေးခရီးစဉ်ကို အထူးကုဆရာဝန်ကြီးများ၏ အကူအညီဖြင့် မြန်မာနိုင်ငံ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်စီစဉ်ကာ ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၇ရက်အထိ သွားရောက်၍ ရောဂါမျိုးစုံတို့ကို ခွဲစိတ်ကုသပေးခဲ့ကြသည်။

အထွေထွေရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရေပြားရောဂါ၊ မျက်စိရောဂါ ဝေဒနာရှင် လူနာပေါင်း သုံးထောင်ကျော်တို့အား ကုသပေးခဲ့ပြီး မျက်စိဝေဒနာရှင် ၂၀၀တို့အား ခွဲစိတ်ကုသပေးကာ မျက်ကပ်ကြည်များ ထည့်ပေးရာ မျက်စိများ အလင်းရောင်ရရှိသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြသည်။ **(က-ပ)**

မြန်မာ့အလင်း အင်တာနက်ဟောင်ပိတ်သတင်း

ရုရှားသမ္မတအဖြစ် ဒီမီထရီမက်ဗက်ဒက်အရွေးခံရ

မော်စကို မတ် ၃

ရုရှားသမ္မတရွေးကောက်ပွဲကို မတ်၂ရက်က ကျင်းပရာ လက်ရှိ သမ္မတပူတင်၏ ထောက်ခံမှုရရှိသော ဒီမီထရီမက်ဗက်ဒက် အနိုင်ရ ရွေးချယ်ခံရကြောင်း ရုရှားရွေးကောက်ပွဲကော်မရှင်က ကြေညာသည်။

လက်တွဲညီ

ဆန္ဒမဲအားလုံး ရေတွက်ပြီးစီးချိန်၌ မစ္စတာမက်ဗက်ဒက်သည် ထောက်ခံမဲ ၇၀ရာခိုင်နှုန်းကျော်ရရှိကြောင်း အဆိုပါ ကြေညာချက်၌ပါရှိသည်။ ရုရှားနိုင်ငံ၏ ပထမဒုတိယဝန်ကြီးချုပ် အသက် ၄၂နှစ်အရွယ်ရှိ မက်ဗက်ဒက်က သူ့အနေဖြင့် လက်ရှိသမ္မတပူတင် ဝန်ကြီးချုပ်တာဝန်ယူလျှင် လက်တွဲညီစွာ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များ ဂါဇာမှရုပ်သိမ်း ပါလက်စတိုင်းတို့က ဒုံးကျည်ဖြင့်ဆက်လက်ပစ်ခတ်

ဂါဇာ မတ် ၃

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးနှင့်ပါလက်စတိုင်းတို့ ပဋိပက္ခဖြစ်ပွားပြီး အစ္စရေးတို့ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၀၀ကျော် သေဆုံးခဲ့ရပြီးနောက် အစ္စရေးတပ်ဖွဲ့ဝင်များ ဂါဇာမြောက်ပိုင်းမှ ပြန်လည် ရုပ်သိမ်းသွားပြီဖြစ်သည်။

ဆက်လက်ပစ်ခတ်

အပြန်အလှန်တိုက်ခိုက်မှုတွင် အစ္စရေးတပ်ဖွဲ့ဝင်သုံးဦးသေဆုံးခဲ့သည်။ ပါလက်စတိုင်းလက်နက်ကိုင်များကမူ အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဒုံးကျည်များဖြင့် ဆက်လက်ပစ်ခတ်လျက် ရှိနေဆဲဖြစ်သည်။

✻ ကျောဖုံးမှ

ထို့နောက် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ခြံစည်းရိုးကြက်ဆူပင် ၁၉ ဧကစာအတွက် မျိုးကိုင်း ၂၃၈၀၀ နှင့် ဧက ၇၀ စာအတွက် မျိုးစေ့ ၈၄၀၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကြသည်။

တွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က မြို့နယ်၏ မိုးစပါး၊ နွေစပါးစိုက်ပျိုးမှုနှင့် ဒေသဆိုင်ရာအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မိမိ တာဝန်ယူရသည့် ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးရေးနှင့် ဒေသခံပြည်သူများကပါ မိမိဒေသ ဖွံ့ဖြိုးရေး၊ တိုးတက်ရေးအတွက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ထီးချိုင့်မြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွန့်စိန်နှင့် ခေတ္တမြို့နယ် ဆရာဝန် ဒေါက်တာ ဒေါ်ကြူကြူတို့က လိုက်လံရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားကာ ဆေးရုံအတွက် ဓာတ်မှန်ရိုက်စက် ဝယ်ယူရန် ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ထီးချိုင့်မြို့နယ် မောင်းကုန်းရွာ ဆိပ်ကမ်းမှ တစ်ဆင့် ဂရိတ်ဝေါလ်စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီလီမိတက်နှင့် ဒေသခံတောင်သူများ အကျိုးတူစိုက်ပျိုးသည့် ဧက ၂၆၀ ကြံစိုက်ခင်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စက်ယန္တရားများဖြင့် မြေပြုပြင်နေမှု၊ ကြံစိုက်ပျိုးနေမှုနှင့် ကြံခုတ်သိမ်းနေမှုများကိုလည်းကောင်း၊ ဂရိတ်ဝေါလ်စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီလီမိတက် အီသနောထုတ်လုပ်ရေးစက်ရုံနှင့် အမှတ်(၂) ဂရိတ်ဝေါလ် သကြားစက်တို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်က လိုက်လံ ရှင်းလင်းတင်ပြသည်။

အဆိုပါစက်ရုံမှ တစ်ရက်လျှင် ကြံတန် ၁၂၀ ကြိတ်ခွဲနိုင်ပြီး ကြံတန်ချိန် တစ်သိန်းမှ သကြားတန် ၁၁၀၀၀ နှင့် ကြံတန်ချိန် လေးသိန်းမှ အီသနော တန် ၂၆၀၀၀၊ ပွက်သားတင်လဲရည်နှင့် ပီလောပီနံမှ အီသနော တန် ၁၀၀၀၀ စုစုပေါင်း အီသနောတန် ၃၆၀၀၀၊ ဂါလန် ၁၁၂၅၀၀၀၀ ထုတ်လုပ်သွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မတ် ၁ ရက်က ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် ခေမာသီဝံကျောင်းဆရာတော် ဘဒ္ဒန္တ ကောသလ္လာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ)၏ ဝိဇာတအလှူတော်မင်္ဂလာနှင့် စာချထေရ်မွန်ပူဇော်ပွဲတွင် ရှိုင်းဟုတ် ဒေါက်တာ–ဒေါ်ခင်ခင်ရီ၏ကိုယ်စား ဒေါ်မူမူက ပူဇာဝတ္ထုငွေကျပ် ၂၂၀၀၀၀ ကို မွေးနေ့ကျင်းပရေးကော်မတီဝင် ထံမှတစ်ဆင့် အပ်နှံပူဇော်စဉ်။ (က–ပ)

အသင်းဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဦးစိုးသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် မတ် ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း တွံတေးမြို့နယ် ကံဘဲ့ကျေးရွာရှိ ပုဗ္ဗာရုံအရှေ့ကျောင်းဆရာတော် ဦးပညာသာမိအား ဖူးမြော်ကန်တော့ပြီး သံဃာတော်များအတွက် သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အတုလဇိနဆုတောင်းပြည့်ဓမ္မာရုံ၌ ကျေးရွာအတွင်းရှိ ရပ်မိ ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအားတွေ့ဆုံ၍ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် တွံတေးမြို့ရှိ ကျောင်းသစ်ပရိယတ္တိ စာသင်တိုက်သို့ သွားရောက်ပြီး ပဓာန နာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဥတ္တမသာရနှင့် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်၌ လိုအပ်နေသော စက်ရေတွင်းတစ်တွင်းကို လှူဒါန်းသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် တွံတေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တွံတေးမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများနှင့် အမှုဆောင်များ၊ လူမှုရေးအသင်း အဖွဲ့များမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးမှာကြားပြီး တင်ပြချက်များအပေါ် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ဝန်ကြီးသည် တွံတေးမြို့နယ် စီမံကိန်းဦးစီးရုံး၌ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ သန်လျင်–ကျောက်တန်း–ခရမ်း–သုံးခွ–ဒလ–ဆိပ်ကြီး–ကော့မှူး– ကွမ်းခြံကုန်းနှင့် တွံတေးမြို့နယ်များမှ စီမံကိန်းဦးစီးရုံးတာဝန်ခံများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာမြားပစ်အဖွဲ့ပြန်ရောက်ရှိ ရွှေတံဆိပ်တစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးခဲ့

ရန်ကုန် မတ် ၃

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သော ၂၀၀၈ ခုနှစ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး ပထမအကြိမ် အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် ရွှေတစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့သော မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ) ခေါင်းဆောင်သည့် အောင်ပွဲရ မြန်မာ့မြားပစ်အဖွဲ့သည် ယမန်နေ့ည ၆ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ အမှုဆောင်များနှင့် အားကစားသမားများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဝင်ရောက်ယှဉ်ပြိုင်

မြန်မာ မြားပစ်အဖွဲ့အတွက် ရွှေတံဆိပ်ဆုကို အမျိုးသား Compound တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲမှ ရဲမင်းဆွေနှင့် ကြေးတံဆိပ်ဆုကို အမျိုးသမီး Compound မီတာ ၇၀၊ မြား ၇၂ ချောင်း အမှတ်ပေးပြိုင်ပွဲမှ အောင်ငှိမ်းတို့ ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ကမ္ဘာ့ထိပ်သီး၊ အာရှထိပ်သီး မြားပစ်နိုင်ငံများဖြစ်သည့် ကိုရီးယား၊ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ တရုတ်(တိုင်ပေ)၊ ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှားတို့အပါအဝင် ဟောင်ကောင်၊ ကမ္ဘောဒီးယား၊ သြစတြေးလျ၊ ကာဇက်စတန်၊ လာအို၊ မွန်ဂိုလီးယား၊ ကာတာ၊ စင်ကာပူ၊ တာဂျစ်ကစ္စတန်၊ ဗီယက်နမ်၊ အိမ်ရှင် ထိုင်းနှင့် မြန်မာ စုစုပေါင်း နိုင်ငံ ၂၀ မှ မြားပစ် ကစားသမား Compound အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၁၉ ဦး၊ Recurve အမျိုးသား ၅၃ ဦး၊ အမျိုးသမီး ၃၇ ဦး စုစုပေါင်း ၁၄၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီဝင် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဂျူရီအဖြစ်လည်းကောင်း၊ မြားပစ်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်သူရစိုးက ဒိုင်လူကြီးအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ပါဝင်

အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့တွင် အုပ်ချုပ်/နည်းပြအဖြစ် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ နည်းပြအဖြစ် ဦးအောင်နိုင်ဦး၊ ကစားသမားများအဖြစ် Recurve အမျိုးသား ဇော်ဝင်းထိုက်၊ နေမျိုးအောင်၊ ကျော်လင်းထွန်း၊ Compound အမျိုးသား ရဲမင်းဆွေ၊ ကျော်ချမ်းငြိမ်း၊ လင်းနိုင်နှင့် အမျိုးသမီး အောင်ငှိမ်းတို့ ပါဝင်ကြသည်။

(မြန်မာ့အလင်း)

အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တွေ့ရစဉ်။ (မြန်မာ့အလင်း)

ငါးလုပ်ငန်းအဖွဲ့ချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ အသိပညာပေး ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲများကို စနေ တစ်ပတ်ခြား ပုံမှန်ကျင်းပလျက်ရှိရာ မတ် ၈ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းနှင့် စက်မှုဆေးဝါးလမ်းထောင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမတွင် WTL ကုမ္ပဏီလီမိတက်၏ပံ့ပိုးကူညီမှုဖြင့် ပါမောက္ခ(အငြိမ်းစား) ဒေါက်တာတင်စိုးက မူဝါဒရေးအခက်အခဲများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (Policy Demma and Economic Development) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပြင်ဆင်ဖတ်ရှုပါရန်

ရန်ကုန် မတ် ၃

မတ် ၂ ရက်နှင့် မတ် ၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ လက်ဝှေ့ပြိုင်ပွဲကို မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်နှင့် ကယ်လ်ဆမ်ကွေကာတို့မှ ကြီးမှူး ကျင်းပခဲ့ကြောင်း ပြင်ဆင်ဖတ်ရှုပေးပါရန်။

(မြန်မာ့အလင်း)

ခရီးသွားနှင့်ကုန်စည်ပို့ဆောင်မှုလုံခြုံရေး ကြိုတင်စစ်ဆေး

ရန်ကုန် မတ် ၃

ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရေး၊ ကုန်စည်စီးဆင်းမှု လုံခြုံချောမွေ့စေရေးအတွက် ဦးအောင်သွင်(တိုင်းဦးစီးမှူး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန)နှင့် ဦးခင်မောင်သိန်း(တိုင်းဦးစီးမှူး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန)တို့ ဦးဆောင်၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး(အဝေးပြေး)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)တို့ ပူးပေါင်းပါဝင်သောအဖွဲ့သည် မန္တလေး–စစ်ကိုင်းလမ်းပေါ် အမရပူရမြို့နယ် ရွှေကြက်ယက်မော်တော်ယာဉ်ထိန်းသိမ်းရေး (အဝေးပြေး) စစ်ဆေးရေးစခန်းတွင် ဖေဖော်ဝါရီ ၂၇ ရက်က ခရီးသည်ယာဉ်များ၊ ကုန်တင်ယာဉ်များကို စစ်ဆေးခဲ့ကြသည်။ ယင်းသို့စစ်ဆေးရာ၌ ယာဉ်မောင်းများ သတ်မှတ်ချက်နှင့် ညီညွတ်မှုရှိ မရှိ၊ ယာဉ်နောက်လိုက်များ သတ်မှတ်ချက်နှင့် ညီညွတ်မှုရှိ မရှိ၊ ကုန်ပစ္စည်းများ အန္တရာယ်ကင်းရှင်းအောင် တင်ဆောင်မှုရှိ မရှိ၊ ကုန်ပစ္စည်းများ ထုပ်ပိုးမှု လုံခြုံမှုရှိ မရှိ၊ ယာဉ်သက်တမ်းများ ကျော်လွန်ခြင်းရှိ မရှိ၊ ပြေးဆွဲနေသည့်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ပြေးဆွဲမောင်းနှင်နိုင်မှုအခြေအနေရှိ မရှိ၊ လုပ်ငန်းလိုင်စင်များရှိ မရှိ၊သတ်မှတ်ခရီးစဉ်ဖြင့် ပြေးဆွဲမှုရှိ မရှိတို့ကို စစ်ဆေးပြီး စည်းကမ်းနှင့်အညီ မောင်းနှင်ရေး၊ ခရီးသည်များအား အန္တရာယ်ကင်းအောင် ပို့ဆောင်နိုင်ရေး၊ ကုန်ပစ္စည်းများအား လုံခြုံချောမွေ့စွာ သယ်ဆောင်နိုင်ရေးတို့အတွက် စစ်ဆေးပညာပေးဆောင်ရွက်ခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး (မန္တလေး)က အန္တရာယ်ကင်းရှင်းစွာ သွားလာမောင်းနှင်နိုင်ရေးအတွက် လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ကညန)**

ရန်ကုန်မြို့တွင်း ခုနစ်မြို့နယ် ယာဉ်တိုက်မှုကင်းမဲ့ဇုန်အဖြစ်သတ်မှတ်ထား

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး အထူးအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပသည်။(အပေါ်ပုံ)

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက ရန်ကုန်မြို့တွင်း Down Town ခုနစ်မြို့နယ်ကို ယာဉ်တိုက်မှုကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ကျန်မြို့နယ်များကိုပါ တိုးချဲ့ဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း၊ ရန်ကုန်မြို့တွင် လူဦးရေ ၆ဒသမ၆ သန်းကျော်နှင့် ယာဉ်စီးရေ တစ်သိန်းရှစ်သောင်းကျော်ရှိသည့်အတွက် တိုးတက်များပြားလာသည့် လူဦးရေ၊ ယာဉ်စီးရေကိုတွက်ဆပြီး ယာဉ်အန္တရာယ်မဖြစ်စေရန် ရေတို၊ ရေရှည် အစီအမံများ ချမှတ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ဆက်လက်ဆောင်ရွက်

ရန်ကုန်မြို့ထဲတွင် ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းသည့်အနေဖြင့် အဆောက်အအုံဆောက်လုပ်ခြင်း မရှိသေးသည့် မြေကွက်လပ်များမှာ ယာယီ ယာဉ်ရပ်နားနေရာများပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီ ကာလတွင် မိုးကျမည်ဖြစ်သည့်အတွက် ယခုကတည်းက လမ်းများကောင်းမွန်ရန်၊ ရေစီးရေလာကောင်းမွန်ရန် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရန် လိုကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ယာဉ်တိုက်မှုများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုလုပ်ငန်း ဆောင်ရွက်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စစ်ကိုင်းဆရာတော် အရှင်ခေမိန္ဒ(ခင်မကန်)၏ မတ်လ တရားပွဲများ

ရန်ကုန် မတ် ၃

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၅၄ ရပ်ကွက် အင်ကြင်းလမ်း ခင်မကန်တိုက်၏ဦးစီးပဓာနနာယက သာသနာပြုနယ်လှည့်ဓမ္မကထိက စစ်ကိုင်းဆရာတော် အရှင်ခေမိန္ဒ(ခင်မကန်)သည် မတ် ၅ ရက်တွင် မြေနီကုန်း ဓမ္မာရုံကြီး ပစ္ဆိမာရုံကျောင်း ၁၅ ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်၊ ၆ ရက်တွင် ကုန်းဘောင်လမ်း တောင်ဥက္ကလာပ မြို့နယ်၊ ၆၊ ၇၊ ၈ ရက် များတွင် မော်ကျွန်းမြို့၊ ၁၂၊ ၁၃ ရက်များတွင် နတ်တလင်းမြို့၊ ၁၄၊ ၁၅ ရက်များတွင် လက်ပံတန်းမြို့၊ ၁၆ရက်တွင် သုံးခွမြို့ ဗုဒ္ဓလမ်းစဉ် ရန်ကြီးအောင်၊ ၁၇ ရက်နှင့် ၁၈ ရက်များတွင် သုံးခွမြို့၊ ၁၉ရက်တွင် ကျောက်တန်းမြို့နယ် သီလဝါ၊ ၂၀ ရက်တွင် သုံးခွမြို့ ဝဲပြန်ကျောင်း၊ ၂၁ ရက်တွင် တောင်စွန်းမြို့၊ ၂၂ရက်တွင် ဘီးလင်းမြို့၊ ၂၃ ရက်တွင် ဘီးလင်းမြို့ ၄၈ လမ်း အထက် ဗိုလ်တထောင်၊ ၂၄ရက်တွင် ဂန္ဓမာလမ်း စမ်းချောင်း၊ ၂၅ရက်တွင် သာကေတ ၆ ရပ်ကွက်၊ ၂၆ ရက်တွင် သုံးခွမြို့၊ ၂၇ရက်တွင် သုံးခွမြို့ အနောက်ကျေးရွာ၊ ၂၈ရက်နှင့် ၂၉ရက် များတွင် ဘိုကလေးမြို့၊ ၃၀ ရက်တွင် အင်းစိန်မြို့နယ် ကြို့ကုန်း၊ ၃၁ရက်တွင် သန်လျင်မြို့ ကရင်ဆိပ်ရွာတို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပြီး ဖုန်း-၀၁-၇၀၇၆၅၂ နှင့် ၀၁-၅၉၁၃၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဓမ္မဝိနယာနုလောမ မူလဒွါရနိကာယဂဏသန္နိပါတနှင့် ဓမ္မဝိနယစာမေးပွဲကျင်းပ

ရန်ကုန် မတ် ၃

ပဲခူးတိုင်း(အနောက်ပိုင်း)လက်ပံတန်းမြို့နယ် အိုင်တလုတ်ကျေးရွာ အုပ်စု ရွာကလေးရွာ မဟာဇေယျာရာမ ကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲ ဖြစ်သော ဓမ္မဝိနယာနုလောမ မူလဒွါရနိကာယဂဏသန္နိပါတနှင့် ဓမ္မဝိနယ စာမေးပွဲကို မဟာနာယက ဆရာတော်ကြီးများ ဖြစ်တော်မူသော ဇီးဖြူကုန်းရွာမ မဇ္ဈိမာရုံကျောင်း ဆရာတော်၊ ကရင်ကူးလေးရွာ ဆုတောင်းပြည့်ကျောင်းဆရာတော် ဘဒ္ဒန္တ ကိတ္တိဝရ အမှူးပြုသော ဆရာတော်၊ သံဃာတော်အရှင်မြတ်တို့နှင့် စာဖြေသံဃာတော်များက ဓမ္မဝိနယစာမေးပွဲကို ၁၃၆၉ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်မှ ၁၄ ရက်အထိ လည်းကောင်း၊ ဂဏသန္နိပါတနှင့် စာအောင်ဆုနှင်းသဘင်ကို တပို့တွဲလဆန်း ၁၅ ရက်တွင် လည်းကောင်း ကျင်းပခဲ့သည်။ လာမည့် ၁၃၇၀ပြည့်နှစ်တွင် ကျင်းပမည့် ဓမ္မဝိနယစာမေးပွဲသည် နှစ်(၅၀) ပြည့် ရွှေရတုသဘင်ဖြစ်ပါ၍ ပြည်နယ် တိုင်းအသီးသီးရှိ ဓမ္မဝိနယာ နုလောမ မူလဒွါရဂိုဏ်းဝင် သံဃာတော်အရှင်မြတ်များ ကြွရောက်တော်မူကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြား

နေပြည်တော် မတ် ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဖေဖော်ဝါရီ ၂၉ ရက်က မြို့သစ်မြို့ သုခသမ္ပဒါ လေသာကျောင်းတိုက်ရှိ ရှေးဟောင်း ဗုဒ္ဓစေတီတော်မြတ်ကိုးဆူအောင်ကြောင်းဝေစည် မဟာတံခွန်တိုင်စေတီတော် ကမ္ပည်းမော်ကွန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညို၍ ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းနှင့် ဇနီး ဒေါ်ခင်ခင်ရီ မိသားစုတို့ ဆောက်လုပ်လှူဒါန်းသော တံခွန်တိုင်စေတီတော် အနေကဇာတင်ခြင်း၊ ရေစက်ချ လှူဒါန်းခြင်းနှင့် ရေနံချောင်းမြို့ စက်မှုဇုန် ရွှေနဂါး စက်မှုလက်မှုလုပ်ငန်း၊ စတားမော်တော်ဆိုင်ကယ် ထုတ်လုပ်ရေး လုပ်ငန်းပိုင်ရှင် ဦးရဲမြင့် ဇနီး ဒေါ်ဝင်းမော်ထွန်း မိသားစုတို့ ဆောက်လုပ်လှူဒါန်းသော အုတ်တံတိုင်းများနှင့် ဝင်ပေါက် မုခ်ဦးတို့အား ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို အဆိုပါကျောင်းဓမ္မာရုံ၌ ကျင်းပရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး၊ ဇနီးနှင့် ရွှေနဂါးစက်မှုလက်မှုလုပ်ငန်း စတားမော်တော်ဆိုင်ကယ် ထုတ်လုပ်ရေး လုပ်ငန်းပိုင်ရှင် ဒေါ်ဝင်းမော်ထွန်းတို့က မြို့ဦးကျောင်း ဆရာတော် ဘဒ္ဒန္တ စန္ဒာဝရထံ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် အဆိုပါ ဓမ္မာရုံ၌ပင် မြို့သစ်မြို့ ဌာနဆိုင်ရာများ၊ ကျေးရွာ၊ ရပ်ကွက် ပြည်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် ဇနီးတို့သည် မတ် ၁ ရက် နံနက်ပိုင်းက နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ စန္ဒဝံသ အမှူးပြုသော ပင့်သံဃာတို့အား ဖူးမြော်ကြည်ညိုကြပြီး သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် နတ်မောက်မြို့ ပြည်သူ့ခန်းမ၌ နတ်မောက်မြို့နယ်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

မြန်/ဆက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်စစ်ဆေး

ရန်ကုန် မတ် ၃

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်တို့သည် ဖေဖော်ဝါရီ ၂၈ ရက်က မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာအုပ်စု စာဖြူစုကျေးရွာရှိ ပြည့်ဖြိုးအောင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ရောက်ရှိပြီး လှည့်လည်စစ်ဆေးကာ မှာကြားသည်။**(အောက်ပုံ)**

ထို့နောက် ဒုတိယ ညွှန်ကြားရေးမှူးချုပ်က စာအုပ်၊ စာစောင်များကို ကျေးရွာစာကြည့်တိုက်သို့ လှူဒါန်းခဲ့သည်။

ဆက်လက်၍ မှော်ဘီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ရောက်ရှိကာ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ရုံးလုပ်ငန်းများ စစ်ဆေးသည်။

လှူဒါန်း

အလားတူ မြောင်းတကာ စံပြကျေးရွာ ဖြိုးဂုဏ်ရည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် ဖူးကြီးကျေးရွာ မေတ္တာရှင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ရောက်ရှိကာ စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံပြီး စာအုပ်၊ စာစောင်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဗုဒ္ဓယဉ်ကျေးမှု သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၃

တနင်္သာရီတိုင်း ထားဝယ်ခရိုင် လေးမြို့နယ်လုံးဆိုင်ရာ ထားဝယ်မြို့ မြို့မယဉ်ငေး သာသနာ့ရိပ်သာ ပဓာနနာယက ဆရာတော်များဦးစီးကြီးမှူး၍ နှစ်စဉ် တစ်လတိုင်တိုင် ကျင်းပလျက်ရှိသော(၁၀)ကြိမ်မြောက်ဗုဒ္ဓယဉ်ကျေးမှု သင်တန်းဖွင့်လှစ်ခြင်း၊ ရှင်သာမဏေနှင့် သိက္ခာရှင်ဝတ်ပွဲကို ၁၃၆၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၄ ရက် (မတ် ၆ ရက်) ကြာသပတေးနေ့၌ ကျင်းပမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသော ကျောင်းသား ကျောင်းသူများသည် ကြိုတင်စာရင်းပေးသွင်းရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည်၊ ရေနှင့် မီးအလှူများကိုလည်း ထားဝယ်မြို့ မြို့မယဉ်ငေး သာသနာ့ရိပ်သာ ဖုန်း-၀၅၉-၂၁၂၆၇ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်

နေပြည်တော်တပ်ကုန်းအတွင်းရှိ စားပိုဆောင်သီးနှံစိုက်ခင်း နွေစပါးစံပြကေ(၅၀)စိုက်ခင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်သည် ယမန်နေ့ နံနက် ၇နာရီခွဲက နေပြည်တော်တပ်ကုန်း ရွှေမြို့ကျေးရွာအုပ်စု သပြေချောင်းကျေးရွာနေ တောင်သူ ဦးလှဒွေး၊ ဦးသန်းဇော်တို့၏ ခြောက်ဧကရှိ စားဖိုဆောင်သီးနှံစိုက်ခင်းသို့ ရောက်ရှိပြီး စိုက်ခင်းမှထွက်ရှိသော ခရမ်းချဉ်သီး၊ ပန်းမုန်လာ၊မုန်လာဥဖြူ၊ ကြက်သွန်နီ၊ ထောပတ်ခရမ်းသီး၊ အာလူး၊ ဂေါ်ဖီထုပ်တို့ကို ကြည့်ရှုစစ်ဆေးကာ အောင်မြင်ဖြစ်ထွန်းသည့် အာလူးခင်း၊ ကြက်သွန်ခင်းနှင့် မုန်လာခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ဆွေးနွေး

ထိုမှတစ်ဆင့်တိုင်းမှူးသည်နေပြည်တော် တပ်ကုန်းရှောက်ကုန်း ကျေးရွာအုပ်စုရှိ စံပြနွေစပါး ဧက(၅၀)စိုက်ကွက်သို့ ရောက်ရှိပြီး ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြသထားသည့် ဒေသစပါးမျိုးများ၊ မျိုးစေ့နမူနာများ၊ အသုံးပြုသည့်ဓာတ်မြေဩဇာများကို ကြည့်ရှုသည်။ ထို့နောက်တိုင်းမှူးသည် တောင်သူဦးဆန်းဝင်းနှင့် ဦးစိုးနိုင်၏ လယ်မြေ ရှစ်ဧကတွင် ရွှေသွယ်ရင် နွေစပါးစိုက်ပျိုးရန် လယ်ယာ(၂၂) ထွန်စက်များဖြင့် ထွန်းယက်နေမှု၊ မျိုးစေ့ကြဲကိရိယာဖြင့် မျိုးစေ့များကြဲပက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆောင်ရွက်

နေပြည်တော် ပျဉ်းမနားခရိုင်အနေဖြင့် နွေစပါးစိုက်ပျိုးရန်ဧက ၃၁၀၀၀ လျာထားပြီး ၁၃၈၉၉ ဧက ၄၄ ဒသမ ၈၃ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည်နေပြည်တော်တပ်ကုန်း ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်သို့ရောက်ရှိ၍ ဌာနဆိုင်ရာများနှင့်အတူ ကြက်ဆူပင်များကို ကိုင်းထိုး စိုက်ပျိုးခြင်း၊ မျိုးစေ့ချစိုက်ခြင်းတို့ဖြင့် တပျော်တပါး စိုက်ပျိုးပေးပြီး ပျိုးခြံအတွင်း စိုက်ပျိုးထားရှိသည့် ခြံစည်းရိုးကြက်ဆူပျိုးပင်ပေါက်များကို လှည့်လည်ကြည့်ရှု အားပေးသည်။

စိုက်ပျိုး

နေပြည်တော် တပ်ကုန်းရှိကြက်ဆူပျိုးဥယျာဉ်အတွင်း ကိုင်းထိုး စိုက်ပျိုးပင်ပေါက် ၁၀၀၀၀နှင့် မျိုးစေ့စိုက်ပျိုးပင်ပေါင်း ၂၅၀၀၀ စုစုပေါင်း ပျိုးပင်ပေါက် ၃၅၀၀၀ ပျိုးထောင်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးအစဉ်သတိပြု

အိန္ဒိယနိုင်ငံမှ ဝယ်ယူထားသော ရထားစက်ခေါင်းများ ရောက်ရှိ ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုမည်

ရန်ကုန် မတ် ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် ဒဂုံမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ဒဂုံမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ အသင်းကြီး၏ စည်းရုံးရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး သက်ဆိုင်ရာ အသင်းများသို့ ထောက်ပံ့ငွေများ ပေးအပ်သည်။

ပြုပြင်ထိန်းသိမ်း

ညနေပိုင်းတွင် ဝန်ကြီးသည် အိန္ဒိယသမ္မတနိုင်ငံ M/S RITES Ltd. မှ ဝယ်ယူခဲ့သော ရထားစက်ခေါင်း ၁၅ ခေါင်းကို အမှတ်(၅)ဆူးလေဆိပ်ခံတံတား၌ မကွေးသင်္ဘောပေါ်မှ ချယူနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရထားစက်ခေါင်းများ ရေရှည်ကောင်းမွန်စွာ အသုံးပြုနိုင်ရေးအတွက် စနစ်တကျကိုင်တွယ် အသုံးပြုရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

အသုံးပြုပြေးဆွဲ

မြန်မာ့မီးရထားအနေဖြင့် အိန္ဒိယသမ္မတနိုင်ငံနှင့် စာချုပ်ချုပ်ဆို၍ YDM-4 ရထားစက်ခေါင်း၂၀ကို ဝယ်ယူခဲ့ရာ ယခုရောက်ရှိသည့် စက်ခေါင်းများမှာ ဒုတိယအကြိမ်အဖြစ် အိန္ဒိယသမ္မတနိုင်ငံ ကိုလ်ကတ္တားဆိပ်ကမ်းမှ ရောက်ရှိလာခြင်းဖြစ်သည်။ အဆိုပါစက်ခေါင်းများကို ခရီးသည်နှင့် ကုန်စည်များ လွယ်ကူချောမွေ့မြန်ဆန်စွာသယ်ယူပို့ဆောင်ရေးအတွက် အဆင့်မြင့် ပို့ဆောင်နိုင်ရန် အသုံးပြုပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရောဝတီတိုင်းတရားရေးအရာရှိများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၃

ဧရာဝတီတိုင်း တရားသူကြီးနှင့် မြောင်းမြခရိုင်အတွင်းရှိ တရားသူကြီးများ၏ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက မြောင်းမြခရိုင် တရားရုံး၌ကျင်းပရာ ဧရာဝတီတိုင်းတရားသူကြီး ဦးဦးလှမောင်၊ တွဲဖက်တိုင်းတရားသူကြီး ဦးမြင့်သိန်း၊ မြောင်းမြခရိုင်တရားသူကြီး ဒေါ်ခင်ဆွေထွန်း၊ ဒုတိယခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ တွဲဖက်မြို့နယ်တရားသူကြီးများနှင့် ဒုတိယမြို့နယ်တရားသူကြီးများ တက်ရောက်ကြပြီး တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(က-ပ)**

လှိုင်လင်ခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းခွဲစိတ်ကုသမှု အောင်ပွဲကျင်းပ

နေပြည်တော် မတ် ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကျန်းမာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်သော ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မျက်စိ ဝေဒနာရှင်များအား အခမဲ့ကွင်းဆင်း ခွဲစိတ်ကုသမှု အောင်ပွဲအခမ်းအနားကို မတ်၁ရက် နံနက်ပိုင်းက လှိုင်လင်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများ၊ မျက်စိအထူးကုဆရာဝန်၊ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ လှိုင်လင်ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်နွဲ့ရီက ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

အလှူငွေပေး

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကလှူဒါန်းသည့် မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းခွဲစိတ်ကုသရေးလုပ်ငန်းများအတွက် ငွေကျပ်၁၅သိန်းကို မြန်မာနိုင်ငံအမျိုး သမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်အလုပ်အမှုဆောင် ဒေါ်နန်းဆိုင်နွမ်းက လက်ခံသည်။ အခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် အလှူရှင်များက ခွဲစိတ်ကုသပြီးသည့် မျက်စိဝေဒနာရှင်များအား နေကာမျက်မှန်များ၊ မျက်စဉ်းဆေးဝါးများနှင့် အလှူငွေများကို ပေးအပ်သည်။

ဆောင်ရွက်ခဲ့

အဆိုပါ အခမဲ့မျက်စိကွင်းဆင်းခွဲစိတ်ကုသမှုအဖွဲ့ကို ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ကြီးကြပ်၍ မျက်စိအထူးကုဆရာဝန်များ ဖြစ်ကြသော ဒေါက်တာနီလာသိန်း၊ ဒေါက်တာစန္ဒာမြင့်၊ဒေါက်တာအေးမြတ်ဦး၊ ဒေါက်တာနန်းအိရွှေစင်၊ ဒေါက်တာတင်အေးခိုင်၊ ဒေါက်တာအေးမိုးထက်၊ ဒေါက်တာအောင်နေဦး၊ ဒေါက်တာချောဝေလွင်၊ ဒေါက်တာမိုးအေးလတ်၊ ဒေါက်တာယဉ်ကြည်ဦးနှင့် သူနာပြုဆရာမငါးဦးပါဝင်ပြီး အဆိုပါ အဖွဲ့နှင့်အတူ လှိုင်လင် အထွေထွေ ရောဂါကုဆေးရုံကြီးမှ မျက်စိအထူးကု ဆရာဝန် ဒေါက်တာစောသွင်မွန်သိန်း တို့က ပူးပေါင်းကာ ဖေဖော်ဝါရီ၂၆ရက်မှ မတ်၁ရက်အထိ အခမဲ့မျက်စိခွဲစိတ်ကုသမှုလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါမျက်စိကုအဖွဲ့သည် လှိုင်လင်ခရိုင်နှင့် အနီးပတ်ဝန်းကျင် မြို့များဖြစ်ကြသော ပင်လုံ၊ လဲချား၊ နမ့်စန်၊ ကွန်ဟိန်း၊ မိုင်းရှူး၊ မိုင်းကိုင်၊ ကျေးသီး၊ မိုင်းနောင်၊ မိုင်းပွန်၊ လင်းခေး၊ မိုးနဲ၊ မောက်မယ်၊ မိုင်းပန်၊ ဟိုမိန်း စသည့် မြို့နယ်များမှ မျက်စိဝေဒနာ ရှင်ပေါင်း ၃၁၄၆ဦးကို စမ်းသပ်ကြည့်ရှု ကုသပေးခဲ့ကြပြီး အတွင်းတိမ်လူနာ ၂၄၄ဦး၊ အသေးစား ခွဲစိတ်ကုသမှု ၁၀၃ဦး စုစုပေါင်းလူနာ ၃၄၇ ဦးကို အခမဲ့ ခွဲစိတ်ကုသပေးခဲ့ပြီး မျက်မှန်ပါဝါလိုအပ်သူ၇၀၀ကို မျက်မှန်များ အခမဲ့ ပေးအပ်ခဲ့ကြသည်။ **(သတင်းစဉ်)**

မျက်စိဝေဒနာရှင်များအား စမ်းသပ်ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

ဗထူးတပ်မြို့ ကျောင်းသားကျောင်းသူဟောင်းများ၏ အငွေ့မအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၃

ရပ်စောက်မြို့နယ် ဗထူးတပ်မြို့ အစိုးရအထက်တန်းကျောင်း(ယခင်တပ်မတော်ကလေးများအထက်တန်းကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများအား အငွေ့မအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၂ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ပူဇော်ပွဲသို့ တက်ရောက်နိုင်ရေးအတွက် ရန်ကုန်မှ ဗထူးတပ်မြို့သို့ မတ် ၁၉ရက်တွင် ထွက်ခွာပြီး ၂၄ရက်တွင် ပြန်ရောက်မည်။ အသွား၊ အပြန်ခရီးစဉ်နှင့် တည်းခိုနေထိုင်ရေး၊ စားသောက်ရေးများကို စရိတ်ငြိမ်းစီစဉ်ထားသည်။

ငွေလှူဒါန်းလိုသူများနှင့် လိုက်ပါလိုသူများသည် ရန်ကုန်ရုံး ဖုန်း-၀၁-၂၄၆၂၈၃၊ ဦးမောင်မောင်သန်း ဖုန်း-၀၉-၅၀-၄၄၆၁၃၊ ဦးခင်ကျော် ဖုန်း-၀၉-၅၁-၃၅၇၃၀၊ ဦးဇော်မြင့်ဦး ဖုန်း-၀၉-၅၁-၅၁၅၉၀၊ ဒေါ်ခင်နီနီအောင် ဖုန်း-၀၉-၅၀-၅၈၁၇၁၊ ဒေါ်စိုးစိုးရီ ဖုန်း-၀၉-၅၀-၁၅၆၃၅၊ ဒေါ်ယဉ်ယဉ်သောင်း ဖုန်း-၀၉-၅၁-၄၂၀၂၅၊ ဒေါ်သန်းသန်းနွဲ့ ဖုန်း-၀၁- ၅၁၀၅၉၅၊ ဦးစိုးဝဏ္ဏ ဖုန်း-၀၁-၅၀၂၉၂၁နှင့် ရပ်စောက်ဗထူးမှ ဦးသန်း မောင် ဖုန်း-၀၈၁-၄၀၁၀၁၊ ဦးကျော် ကျော်မင်း ဖုန်း-၀၈၁-၄၀၀၄၄၊ ဦးကျော်စိန် ဖုန်း-၀၈၁-၄၀၁၃၂၊ ဦးမောင်မောင်စိန် ဖုန်း-၀၈၁-၄၀၂၈၁၊ ဦးအောင်ကျော်ညွှန့် ဖုန်း-၀၈၁-၄၀၁၆၇၊ ဦးစိုးသန်းဝင်း ဖုန်း-၀၈၁-၄၀၂၅၂၊ ဒေါ်တင်အေး ဖုန်း-၀၈၁-၄၀၁၆၄နှင့် ဒေါ်စန်းစန်းရီ ဖုန်း-၀၈၁- ၄၀၀၈၇ တို့သို့ ဆက်သွယ်၍ မတ်၁၀ရက်နောက်ဆုံးထား လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၄-၃-၂၀၀၈ ရက်
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၅။ ကဗျာပန်းဥယျာဉ်
- ၈း၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈း၁၅ ၇။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ Let's Go
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာ အထူးပြု) [စီးပွားရေးပညာ]
- ၁၆း၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၁၇း၀၀ ၅။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၃ ခုနှစ်)
- ၁၇း၁၀ ၆။ ခံစားနားဆင် တေးဓာတ်ဝင်
- ၁၇း၂၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၁၇း၅၀ ၈။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၈း၀၀ ၉။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၁။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၁၈း၅၀ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၁၉း၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တယ်.... ချစ်တယ်** (အပိုင်း-၅)
- ၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာမျဉ်းပြိုင်** (အပိုင်း-၉)

မြို့တော်ဂေါက်ကွင်း နေပြည်တော်
နွေရာသီဂေါက်သီးရိုက်သင်တန်းဖွင့်လှစ်ခြင်း

၁။ နေပြည်တော်ရှိ မြို့တော်ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်းတွင် နွေရာသီဂေါက်သီးရိုက် သင်တန်းအား ၁၀-၃-၂၀၀၈ ရက်မှစ၍ ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ပါသည်။

၂။ ယင်းသင်တန်းသို့ မည်သူမဆို တက်ရောက် သင်ကြားနိုင်ပါသည်။ သင်တန်းလျှောက်လွှာများအား ၄-၃-၂၀၀၈ ရက်မှစတင်၍ မြို့တော်ဂေါက်ကွင်း၌ လက်ခံမည်ဖြစ်ပြီး သင်တန်းကြေး၊ သင်တန်းအချိန်ဇယားစသည့် သိလိုသောအချက်အလက်များအား မြို့တော်ဂေါက်ကွင်းသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ်များ - ၀၆၇-၄၁၀၀၀၀၊
၀၆၇-၄၁၀၂၂၁။

လက္ခဏာပါရဂူ ဒေါက်တာဦးစံတင်အောင်အားဂုဏ်ပြုခြင်း

ချမ်းသာကြီး အထကနှင့် အထက(၂)ရွှေဘို ဆရာကန်တော့ပွဲကြီးကို နှစ်(၃၀)ကျော်ကြာအောင် ဦးဆောင်လုပ်ကိုင်ပေးခဲ့သော ဆရာဦးစံတင်အောင်(ရွှေဘို)အား ကိုးလ်ကတ္တား-အိန္ဒိယမှ လက္ခဏာပညာပါရဂူဘွဲ့၊ ကမ္ဘာကျော်နိုဘယ်လ်ဆုရှင် ရာဘင်ဒရာနတ်တဂိုးဆုတံဆိပ်၊ မဟာပညာရှင်ဆုတံဆိပ်၊ ရွှေရောင်အသင်းသားလက်မှတ်များ ချီးမြှင့်ဂုဏ်ပြုခြင်းအတွက် အထူးဝမ်းသာဂုဏ်ယူပါကြောင်း။

ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ
ဦးခင်မောင်သန်း၊ ဦးကျော်သန်း၊ ဦးအေးကို၊ ဦးတင်ဝင်း၊
ဆရာမကြီးဒေါ်လှညွန့်၊ ဆရာမကြီးဒေါ်ခင်သန်းနွဲ့၊ ဆရာမကြီးဒေါ်အေးသွင်၊
ဒေါ်စန်း၊ ဒေါ်ချော၊ ဒေါ်ခင်အေး၊ ဒေါ်မိမိနှင့် သူငယ်ချင်းများ။



လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက် ၉၊ အခန်း ၄ နေ
ဆရာကြီးဦးစံခင် (သင်္ချာ၊ ရူပဗေဒ)-ဒေါ်တင်ပိုတို့သား

မောင်ခင်ဇော်စံ နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဆရာများရိပ်သာ၊ တိုက် ၄၊ အခန်း ၆ နေ
ဦးစောအောင်မင်းဇော်(ငြိမ်း၊ မြန်မာ့ရေနံနှင့် ဓာတုဗေဒ)-ဒေါ်နန့်စနိုးပွိုက်
(တွဲဖက်ပါမောက္ခ၊ စိတ်ပညာဌာန၊ ဒဂုံတက္ကသိုလ်)တို့၏သမီး

မနော်တလားစေး

တို့သည် ၂၂-၂-၂၀၀၈ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ခင်ဇော်စံ-မနော်တလားစေး။

ရခိုင်ကမ်းလွန်၌ ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် မတ် ၃

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Ngwe Oil & Gas Pte., Limited သည် ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် M-8 ၌ 2D Marine Seismic Acquisition about 3200 Lkm တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် ATLASဖြင့် မတ် ၅ ရက်မှ ဧပြီ ၁၅ ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

2D Marine Seismic Acquisition about 3200 Lkm တိုင်းတာရေး လုပ်ငန်းများဆောင်ရွက်မည့်ဧရိယာအကျယ်အဝန်းမှာ Point-A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၁ မိနစ် ၀၀ စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၉ မိနစ် ၀၀ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၉ မိနစ် ၀၀ စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ် ၀၀ စက္ကန့်နှင့် Point-A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၁ မိနစ် ၀၀ စက္ကန့်အတွင်းတွင် ဖြစ်သည်။

အသိပေး ကြေညာထား

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် M-8 တွင် 2D Marine Seismic Acquisition about 3200 Lkm တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် ATLAS ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်ရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's)ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းနှင့် ငါးဖမ်းဆီးခြင်းများမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေး ကြေညာထားသည်။ **(သတင်းစဉ်)**

မင်္ဂလာဒုံမြို့နယ် ကျိုက္ကလဲ့စေတီတော် ဆွမ်းဆန်စိမ်းလောင်းပွဲ

ရန်ကုန် မတ် ၃

ရန်ကုန် မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ကျိုက္ကလဲ့ စေတီတော်မြတ်ကြီး၏ (၉၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဘုရားအမှူးပြုသော ပင့်သံဃာ ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူဆက်ကပ်ခြင်းနှင့် ဘက်စုံ အလှူရှင်များ ရေစက်ချပွဲ အခမ်းအနားကို တပို့တွဲလပြည့်ကျော် ၈ ရက်၊ မတ် ၂၉ ရက် (စနေနေ့) ညနေ ၃ နာရီတွင် စေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်၌ ဒါတဗ္ဗအစုစုတို့ဖြင့်လောင်းလှူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အထက(၁)ဝါးခယ်မ မြတ်ဆရာများပူဇော်ပွဲ

ရန်ကုန် မတ် ၃

ဧရာဝတီတိုင်း မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အထက(၁)ကျောင်း၌ (၁၉၇၉-၈၀-၈၁-၈၂) ခုနှစ်အထိ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ စုပေါင်း၍ မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၆ ရက် (တနင်္ဂနွေနေ့)တွင် ဝါးခယ်မမြို့နယ် အထက(၁) ကျောင်းကြီး၌ ကျင်းပမည်ဖြစ်ရာ ဦးမြင့်ဆွေ ဖုန်း-၅၄၁၁၈၁၊ ၀၉-၅၀-၀၉၇၃၇၊ ဦးမျိုးချစ် ဖုန်း-၆၈၉၁၃၀၊ ၀၉-၅၁-၈၄၆၂၆၊ ဒေါ်ခင်အေးမူ ဖုန်း-၅၇၀၉၂၂၊ ၀၉-၅၀-၅၆၉၇၀၊ ဒေါ်ယဉ်ယဉ်လေး ဖုန်း-၀၉-၉၀-၄၂၄၁၀၊ ဒေါ်မေစုသာ ဖုန်း-၀၉-၅၁-၇၃၅၇၆၊ ဒေါ်နီလာတင် ဖုန်း-၅၃၇၇၃၇၊ ၀၉-၅၁-၃၄၈၉၂၊ ရန်ကုန်မြို့တို့နှင့် ဦးဝင်းဌေး ဖုန်း-၀၄၂-၆၀၆၆၄၊ ဦးတင်ဝ(ခ)ဦးတင်ဦး ဖုန်း-၀၄၂-၆၀၃၃၅၊ ဦးတင်ဦး(ခ)ဦးမောင်ဦး ဖုန်း-၀၄၂-၆၀၃၇၃၊ ၀၄၂-၆၀၄၇၂၊ ဒေါ်မိမိမြတ် ဖုန်း-၀၄၂-၆၀၁၅၃၊ ဒေါ်မာမာစီ ဖုန်း-၀၄၂-၆၃၄၆၊ ၀၄၂-၆၀၁၅၆ နှင့် ဒေါ်သင်းသင်းအေး ဖုန်း-၀၄၂-၆၀၃၃၀ ဝါးခယ်မမြို့သို့ မတ် ၂၀ ရက် နောက်ဆုံးထား ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းကြရန်နှင့် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအနေဖြင့် မတ် ၃၀ ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့ ဝါးခယ်မမြို့နယ် အသင်းတိုက် ဖုန်း-၀၁-၂၂၆၅၉၀ သို့ ဆက်သွယ် စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၁၅ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ရန်ကုန်တောင်ပိုင်းခရိုင်ဌာနခွဲအမှတ်(၄) မော်တော်ယာဉ်(မထသ)ဥက္ကဋ္ဌ ဦးသိန်းထွန်းက သုံးခွမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင်ထံသို့ သုံးခွမြို့ သာသနာ့ဗိမာန် တည်ဆောက်ရေးအတွက် အလှူငွေကျပ် သိန်း၅၀ကို သုံးခွမြို့နယ် သံဃနာယက ဆရာတော် ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းစဉ်။ (၁၂၄)

ခရီးသည်များသွားလာမှု အဆင်ပြေစေရန် မြင်းခြံမြို့၌ ဆိုင်ကယ်ယာဉ်လိုင်းသစ်ဖွင့်

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၀

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ်တွင်းခရီးသည်များ သွားလာမှု လွယ်ကူစေရေး၊ မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေးတို့အတွက် မန္တလေးတိုင်း သန်မြန်သူ(အဆင့်မြင့်)သယ်ယူပို့ဆောင်ရေးအသင်း၏ သုံးဘီးမော်တော်ဆိုင်ကယ်ယာဉ်လိုင်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ၁၇ရက် နံနက် ၈နာရီက စည်ပင်သာယာဈေးကြီးအနီး ရဲစခန်းတိုက်တန်းရှိ အဆိုပါ ယာဉ်လိုင်းသစ်ဂိတ်တွင် ကျင်းပသည်။ **(အောက်ပုံ)**

ယာဉ်လိုင်းသစ်ကို ကျောက်ပန်းတောင်းတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မျိုးလွင်နှင့် သန်မြန်သူ(အဆင့်မြင့်) သယ်ယူပို့ဆောင်ရေးအသင်း(မန္တလေး)ဥက္ကဋ္ဌဗိုလ်ကြီးမန်းမောင်(ငြိမ်း)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ သန်မြန်သူအသင်း(မန္တလေး)ဥက္ကဋ္ဌက ယာဉ်လိုင်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် တိုးချဲ့ပြေးဆွဲမည့်လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ယာဉ်လိုင်းတွင် လီဖန်း (ဟွန်ဒါ) အမျိုးအစားသုံးဘီး ဆိုင်ကယ် ၁၀စီးဖြင့် စတင်၍ မြို့တွင်းပတ်ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တောင်ဥက္ကလာပ ၁၁ ရပ်ကွက် ၄လမ်း အမှတ် ၁၈၁နေ မိခင်ကြီး ဒေါ်မြစိန်အားရည်စူး၍ ဖခင်ကြီး ဦးမောင်မောင်နှင့် သမီး ဒေါ်သန်းသန်းဌေးတို့က ကြေးပြားနှစ်ချပ်၊ ဦးဟံတင်-ဒေါ်သန်းသန်းဌေး၊ သမီး မစုလှိုင်ထွန်းမိသားစုက ကြေးပြားနှစ်ချပ် စုစုပေါင်းကြေးပြားလေးချပ် တန်ဖိုးငွေကျပ် တစ်သိန်းကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော်ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ပုသိမ် ဖေဖော်ဝါရီ ၁၅

ပုသိမ်မြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင် ဈေးများ မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်လျက် ရှိရာ ဇန်နဝါရီ၂၀ရက်က အဖွဲ့ပိုင် ရွှေပြည်သာ ဈေးကြီးအတွင်း မီးဘေး ကြိုတင် ကာကွယ်ရေး ဇာတ်တိုက် လေ့ကျင့်မှုအား တိုင်းမီးသတ်ဦးစီးမှူး ဦးကြည်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးခင်မောင်ဦးနှင့် ဝန်ထမ်း များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်များ ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အထူးကုဆရာဝန်ကြီးများ မွန်ပြည်နယ်၌ ကွင်းဆင်းကုသ

ပေါင် ဖေဖော်ဝါရီ ၅

မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများ အခမဲ့ ကွင်းဆင်း ဆေးကုသခြင်းကို ဒီဇင်ဘာ ၁၅ရက် နံနက် ၁၀နာရီက ပေါင်မြို့နယ်တောင်အရှေ့ခြမ်း တောင်ပေါ်တိုင်းရင်းသားများ နေထိုင်ရာ သဲအိမ်စံပြကျေးရွာ အထကကျောင်းတွင် ကျင်းပသည်။ ယင်းကွင်းဆင်း ကုသပေးရာသို့ အုန်းတပင်၊ ကျောက်စရစ်၊ အီဗျစ်၊ ထန်းရွာ၊ ဆင်ရွာ၊ သဲအိမ် စံပြကျေးရွာများမှ ရောဂါဝေဒနာရှင် စုစုပေါင်း ၁၂၀၀တို့ လာရောက်၍ ကျန်းမာရေး စစ်ဆေးမှု ခံယူခဲ့ကြသည်။

လှူဒါန်း

ထို့နောက် ပြသသောလူနာများကို မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာန ပြည်နယ် အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဦးဉာဏ်ဇော် ဦးဆောင်သော အထူးကုဆရာဝန် ၄၅ ဦးတို့က ရောဂါဝေဒနာအလိုက် ကျန်းမာရေး စစ်ဆေး ကုသပေးခဲ့ကြပြီး မျက်စိခွဲစိတ်ကုသရန် လိုအပ်သော မျက်စိဝေဒနာရှင် ၄၂ဦးတို့အား ခွဲစိတ်ကုသပေးခဲ့ကြသည့်အပြင် မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများ သဲအိမ်စံပြကျေးရွာတွင် ကွင်းဆင်း ကုသခြင်းအတွက် လိုအပ်သော ဆေးဝါးများ၊ ကျေးရွာ ယင်လုံအိမ်သာ ဆောက်လုပ်ရေး အတွက် လိုအပ်သော ယင်လုံအိမ်သာ သုံးပစ္စည်းများနှင့် ထောက်ပံ့အလှူငွေများကို ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်မြင့်မြင့်စိုးကပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြကြောင်း သိရသည်။ **(၂၆၀)**

ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်ရေးနှင့်မြို့တွင်းလမ်းအားလုံး ကတ္တရာလမ်းဖြစ်မြောက်ရေး စီမံချက်အရ ဖျာပုံမြို့ အမှတ်(၅)ရပ်ကွက် ကိုယ့်အားကိုယ်ကိုးလမ်းဖြစ်မြောက်ရေး ကော်မတီမှ ၅လမ်း ကိုယ့်အားကိုယ်ကိုးလမ်းဖောက်လုပ်ပြီးစီးမှုကို ဇန်နဝါရီ ၇ရက်က မြို့နယ်ဥက္ကဋ္ဌဦးမျိုးမြင့်ဇော်နှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (၁၃၇)

မီးဘေး ကြိုတင်ကာကွယ်ရေး စဉ့်ကူး၌ ကွင်းဆင်းစစ်ဆေး ပညာပေး

စဉ့်ကူး ဖေဖော်ဝါရီ ၁၂

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြို့နယ်မီးဘေးကြိုတင် ကာကွယ်ရေး ကြီးကြပ်မှုကော်မတီ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် စဉ့်ကူးမြို့ဒေသ အရန်မီးသတ်တပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး မောင်ကြီးနှင့် တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၂ရက် နံနက် ၈နာရီက စဉ့်ကူးမြို့ ရပ်ကွက်များအတွင်း နေ့ရာသီ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြသည်။**(ယာပုံ)**

မီးဘေး ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရာသို့ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ရပ်ကွက်အတွင်း လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်များ၊ လျှပ်စစ်မီးဖြင့် အိမ်သုံး၊လုပ်ငန်းသုံး သုံးစွဲသူများအား မီးအသုံးပြုမှု စနစ်တကျရှိမရှိ၊ မီးချိတ်မီးကတ်၊ သဲ၊ ရေပုံးများ ပြည့်စုံမှုနှင့် တောင့်တင်းခိုင်မာမှုရှိ မရှိတို့ကို တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးကြပြီး မီးသတိပြုရေး၊ စနစ်တကျ မီးသုံးစွဲရေးတို့ကို ပညာပေး ဟောပြောဆွေးနွေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံတော်၏ ထောက်ပံ့ငွေဖြင့် ကယားပြည်နယ် ဖရူဆိုမြို့နယ် ဖဖော်ကြီးကျောက်ချောလမ်းဖောက်လုပ်နေမှုကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစည်သူ ကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

စာကြည့်တိုက်ဖွင့်ပွဲ သာစည်၌ ကျင်းပ

သာစည် ဖေဖော်ဝါရီ ၅

သာစည်မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး ရုံးတွင်း စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်၁၀ နာရီက အဆိုပါ ကော်မတီရုံးတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဇော်မင်းထွေး (ရုပ်/သံ-၃)က စာကြည့်တိုက်တွင်ထားရှိရန် သုတ၊ ရသ စာအုပ်မျိုးစုံ၁၀၀၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမိုးမြင့်သိန်းက ဂျာနယ်မျိုးစုံ၅၀ကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြာအင်းဆိပ်ကြီးအထက်တန်းကျောင်း အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၃

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အထက်တန်းကျောင်း ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၃၀ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်း ပညာတန်ဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက် ၅၅နှစ်အထက် အပူဇော်ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ပွဲသို့ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေ၊ အလှူပစ္စည်းများ လှူဒါန်းလိုသူများသည် ဦးထွန်းလွင်(ရန်ကုန်) ဖုန်း-၇၂၄၇၁၃၊ ဒေါ်ခင်အေးဝင်း ဖုန်း-၂၀၀၁၄၀ နှင့် ဦးချစ်မြင့်(မော်လမြိုင်)ဖုန်း-၀၅၇-၂၃၂၀၇ တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒုပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)
မန္တလေးတိုင်းတရားရုံး
၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်–၁၉၃ နှင့် ဆက်သွယ်သည့်
၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ်–၆

ဦးဝင်းနိုင်(ခ) **နှင့်** ဒေါ်အေးအေးခိုင်
ဦးရုံးတော့
ဒီကရီအနိုင်ရသူ **တရားရှုံး**

ဒေါ်အေးအေးခိုင် အကွက်အမှတ် ၃၆ ဈေးရပ်၊ ကောင်းနောင်ရပ်၊ မူဆယ်မြို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်–၁၉၃ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးဝင်းနိုင်(ခ)ဦးရုံးတော့က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၈ ခုနှစ် မတ် ၁၈ ရက် (၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လေးလေးမွန်
တွဲဖက်တိုင်းတရားသူကြီး(၄)
မန္တလေးတိုင်းတရားရုံး။



ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒုပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်–၁၁၇

ဒေါ်နီလာဝင်း **နှင့်** ၁။ ဦးမျိုးမောင်မောင်ကျော်
၂။ ဦးဟန်ညွန့်
တရားလို **တရားပြိုင်များ**

အထက်ဖော်ပြပါ(၁)တရားပြိုင် ဦးမျိုးမောင်မောင်ကျော်နှင့် (၂)တရားပြိုင် ဦးဟန်ညွန့် (ယခင်နေရပ်လိပ်စာ–အမှတ် ၁၂၆ (ပထမထပ်အလယ်ခန်း) တာမွေလမ်း၊ တာမွေမြို့နယ်) (ယခုနေရပ်လိပ်စာမသိ)တို့အား သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်နီလာဝင်းက ချေးငွေကျပ်သိန်း ၈၀ ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၈ ခုနှစ် မတ် ၁၄ ရက် (၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိန်လှ
ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒုပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
ဝမ်းတွင်းမြို့နယ်တရားရုံး
၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ်–၁၅/၂၀၀၈

ဘဏ်ခွဲမန်နေဂျာ **နှင့်** ၁။ ဦးသောင်းညွန့်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်စန်း
ဝမ်းတွင်းမြို့။
တရားနိုင် **တရားရှုံးများ**

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ်–၆၀ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ ခုနှစ် ဧပြီ ၂၅ ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တန်ခူးလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

(က) ဝမ်းတွင်းမြို့ အမှတ် (၂)ရပ်ကွက် ကွင်းအမှတ် (၁၅၈၅/၂) သဲတောတောင်ရွာအနောက်၊ (၄၂/၆)မြေကွက် (၁၅/၆၃၆) ဧရိယာ ၀ ဒသမ ၀၅၈ဧကရှိမြေ။
(ခ) ယင်းမြေကွက်ပေါ်ရှိနှစ်ထပ်တိုက် (၂၇ X ၁၈)ပေ သွပ်မိုး၊ နံကပ်၊ ကွန်ကရစ်ခင်း။
(ဂ) ဂိုဒေါင် (၁၈X ၁၈)ပေ သွပ်မိုး၊ နံကပ်၊ ကွန်ကရစ်ခင်း။

လေလံကြမ်းခင်းဈေး ကျပ် ၅၆သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များ အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့် အတိုင်းရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးထွန်း (တ/၂၀၅၇)
တွဲဖက်မြို့နယ်တရားသူကြီး
ဝမ်းတွင်းမြို့နယ်တရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒုပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်–၂၀၇/၀၇

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးကျော်စွာမြင့်
မိတ္ထီလာမြို့။ ၂။ (ညီမ) မသီသီအေး
တရားနိုင် **တရားရှုံး**

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ်–၂၄၃တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ ခုနှစ် ဧပြီ ၁ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက်ရှိအကွက်အမှတ်(၁၉/ခ–ပြည်သာယာ)၊ ဦးပိုင်အမှတ်(၃/က)၊မြေကွက်အမှတ်(၃)၊မြေချိန်ဧရိယာ(၀ဒသမ၀၄၀)ဧကရှိမြေနှင့်မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက်ရှိ ကွင်း(၁၉/ခ)ဦးပိုင်(၄၂)မြေကွက်အမှတ်(၄၂)ဧရိယာ(၀ဒသမ၀၈၀)ဧကရှိမြေနှင့် တစ်ထပ်တိုက်၊ နှစ်ထပ်တိုက်နှင့် စက်ရုံလေလံ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း၃၀၀။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့် အတိုင်းရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ပေါ်ခိုင်သန်း
ဒုတိယခရိုင်တရားသူကြီး(၁)
မိတ္ထီလာခရိုင်တရားရုံး၊
မန္တလေးတိုင်း။

ဖခင်အမည်မှန်

ကျိုင်းတုံမြို့ အထက(၄) နဝမတန်း (ဂ)မှ မဖြိုးအိအိသန်းနှင့် ဆဋ္ဌမတန်း (က)မှ မနှောင်းအိအိသန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်းအေး ၁၃/မဖန(နိုင်) ၀၁၇၃၈၈ဖြစ်ပါကြောင်း။

ဦးထွန်းဝင်းအေး။

အမည်ပြောင်း

အဖ ဦးခင်မောင်မြင့်၏ သမီး အထက (၁)နေပြည်တော် လယ်ဝေး အဋ္ဌမတန်း(A)မှမစုပုံချစ်အား မစုစုဝင်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

မစုစုဝင်း။

ဖခင်အမည်မှန်

နမ့်ခမ်းမြို့ အထက(၁) နဝမတန်း (က)မှ မောင်လင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးညွန့်သိန်း ၅/တဆန(နိုင်)၁၀၅၅၃၆ ဖြစ်ပါသည်။

ဦးညွန့်သိန်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်လ/၁၇၈၂ Nissan Diesel/ Truck (4 x2)ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ညို မှတ်ပုံတင်အမှတ် ၁၂/အလန(နိုင်)၀၁၃၉၂၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီးရုံး) ရန်ကုန်မြို့။**

ပဲခူးတိုင်း (အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း လုပ်ငန်းဖြစ်သော မြို့ပတ်(၂)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးကြည်စိုးက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကြီးကြပ်ဆောင်ရွက်

ကလေးမြို့ မြို့မဈေးတွင် ဇန်နဝါရီ ၂၄ရက်က မီးဘေးကြိုတင်ကာကွယ်ရန်အတွက် မီးငြိမ်းသတ် ဇာတ်တိုက်လေ့ကျင့်ခြင်းကို မီးသတ်ဦးစီးဌာနမှူး ဦးဝွန်ဒွန်းထန်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ ပူးပေါင်းဆောင်ရွက်ရာ အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းနှင့် ဒုတိယဦးစီးမှူး(ဈေး) ဒေါ်ဖြူဖြူခင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် မန္တလေးလမ်း ၃၆ရပ်ကွက် အမှတ် (၆၆၀/၆၆၁)နေ ဇနီးဒေါ်ခင်အေးကြည်နှင့်သားသမီး၊ မြေးတစ်စုက မိခင်ကြီး ဒေါ်ထားခင်၊ ခင်ပွန်း ဦးသိန်းဆင့်တို့အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာဗဟို)သို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ကိုယ်စား သူနာပြုအုပ် ဒေါ်မြင့်မေ လက်ခံယူစဉ်။ (က–ပ)

ရှင်းလင်းတင်ပြ

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ဖေဖော်ဝါရီ ၁၅ရက်က မိုင်းယုမြို့ စိမ်းလန်းသာယာရေးအတွက် ပျိုးဥယျာဉ် တည်ထောင်ထားမှုကို ကြည့်ရှုစစ်ဆေးရာ မြို့တာဝန်ခံ ဦးခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ထီးချိုင့်မြို့ ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတက်ရောက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြား

နေပြည်တော် မတ် ၃

စစ်ကိုင်းတိုင်း ထီးချိုင့်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၁ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် ထီးချိုင့်မြို့ စံပြရပ်ကွက်၌ ကျင်းပသည့် ၂၀၀၈ ခုနှစ် ခြစ်စည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ခြစ်စည်းရိုးကြက်ဆူပင် မျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးအိတ်၌ ထည့်သွင်းစိုက်ပျိုးပေးသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ✱

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ထီးချိုင့်မြို့နယ်ရှိ ဂရိတ်ဝေါလ်စားသောက်ကုန်လုပ်ငန်း ကုမ္ပဏီလီမိတက်နှင့် ဒေသခံတောင်သူများ အကျိုးတူစိုက်ပျိုးသည့် ဧက ၂၆၀ ကြံစိုက်ခင်းတွင် မြေပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စုပေါင်းကာကွယ် မီးဘေးအန္တရာယ်

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

မြိတ်တက္ကသိုလ် ပင်မလေးထပ်ဆောင်

မတ် ၃ ရက်က ဖွင့်လှစ်လိုက်သော မြိတ်တက္ကသိုလ် ပင်မလေးထပ်ဆောင်ကို တွေ့ရစဉ်။ (သတင်းရှေ့ဖုံး) (သတင်းစဉ်)